ဗေဒများနှင့် အာကာသဆိုင်ရာ အင်ဂျင်နီယာ စသော ခေတ်မီနည်းပညာ ထုတ်ကုန်များတိုးမြှင့်ရန် ဆောင်ရွက်ခဲ့ကြသည်။ အီလက်ထရွန်းနစ်၊ ချည်မျှင်နှင့် အထည်၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် စတီးလုပ်ငန်းများသည် အရေးကြီး ထုတ်ကုန်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ထို့သို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုများကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် အာရှတိုက်၏ စတုတ္ထအကြီးဆုံးဖြစ်ပြီး နိုင်ငံတကာ အဆင့်တွင် (၁၁) ခုမြောက် အကြီးဆုံး ဖြစ်သည်။ အဆိုပါ ပုံစံသည် အိမ်ထောင်စုဝင်များမှ ပူးပေါင်းပါဝင်သည့် ရောထွေး စီးပွားရေးပုံစံဖြစ်သည်။ နိုင်ငံသည် ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံမှ မျိုးဆက်သက်တမ်းတစ်ခုအတွင်း ဝင်ငွေအဆင့်မြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် တက်လှမ်းနိုင်သည့်အတွက် ကမ္ဘာ့အလယ်တွင် ထင်ရှားကျော်ကြားသည်။ Miracle on the Han River ဟု ထင်ရှားသော တောင်ကိုရီးယားနိုင်ငံ၏ အံ့သြဖွယ်စီးပွားရေး ပြောင်းလဲမှုသည် ကမ္ဘာ့ချမ်းသာ သောနိုင်ငံများမှ ဝင်ရောက်နိုင်သည့် Organization for Economic Cooperation and Development- OECD နှင့် G-20 အဖွဲ့ဝင်အဖြစ်သို့ ဝင်ရောက်နိုင်ခဲ့ပြီး မျက်မှောက်ကာလတွင်လည်း စီးပွားရေး အောင်မြင်မှုများအား ဆက်လက်ထိန်းထားနိုင်ပြီး ၂၁ ရာစု၏ ကမ္ဘာ့စီးပွားရေးကိုလည်း လွှမ်းမိုးထားနိုင်ခဲ့ သည်။ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ ကမ္ဘာ့အကြီးဆုံး မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများတွင် အောင်မြင်မှုများ ရရှိ ခဲ့သည်။

## သုံးသပ်ချက်

ကိုရီးယားကျွန်းဆွယ်စစ်ပွဲအပြီး ကွန်မြူနစ်၊ ဆိုရှယ်လစ်နှင့် အရင်းရှင်ဝါဒတို့ အားပြိုင်မှုကြောင့် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်အပြီး နိုင်ငံစီးပွားရေးအား ဖွံ့ဖြိုးတိုးတက် စေရေးအတွက် လှုပ်ရှားမှုများ၊ စီးပွားရေး အကောင်အထည်ဖော်မှုများအား ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများအား မျိုးဆက်သက်တမ်းတစ်ခုအတွင်း စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်နိုင်ခဲ့သည်။

ထိုအချိန်မှစ၍ တိုင်းပြည်၏ ဝင်ငွေနှင့် GDP သည် သိသာထင်ရှားစွာ တိုးတက်ခဲ့ပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ သည်။ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းများတွင် ဖြစ်ပွားခဲ့သော အာရှစီးပွားရေး ပျက်ကပ်များကြောင့် နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှု အနည်းငယ် ရပ်တန့်ခဲ့သော်လည်း ခိုင်မာသော စီးပွားရေး မူဝါဒများနှင့် နိုင်ငံသားတို့၏ အစိုးရမူဝါဒများအား အကောင်အထည်ဖော်ရာတွင် အလေး အနက်ထား လိုက်နာဆောင်ရွက်မှုများကြောင့် အားကောင်းခိုင်မာသော စီးပွားရေးကို တည်တံ့ခိုင်မာအောင် ထိန်းသိမ်းထားနိုင်ကြောင်းတွေ့ရှိရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် အစိုးရ၏ မူဝါဒများကောင်းမွန်ရုံဖြင့် တိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ပါ။ နိုင်ငံသားများ၏ ထကြွလုံ့လ ရှိခြင်း၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်း၊ တိုးတက်လိုစိတ်ရှိခြင်းနှင့် ချမှတ်ထားသော မူဝါဒများအား နိုင်ငံတော်နှင့်အတူ စိတ်တူညီမျှ ပူးပေါင်း၍ ဆောင်ရွက်မှသာ နိုင်ငံ၏ စီးပွားရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

**ကျမ်းကိုးစာရင်း**

၁။ Saemaul Undong Movement in the Republic of Korea.
https://en.wikipedia.org/wiki/Saemaul_Undong
၂။ NakdongxRiver
https://en.wikipedia.org/wiki/Nakdong_River
၃။ South Korea, Economic Reform Process
https://en.wikipedia.org/wiki/South_Korea
၄။ Economic Sectors of South Korea
http://www.indexmundi.com/south_korea/
၅။ Sharing Knowledge on Community-Driven Development, Asian Development Bank

■

# CMP စနစ်အခြေခံဖြင့် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မျက်မှောက်ကာလစိန်ခေါ်မှုများ

ဒေါက်တာညီညီမောင် (DICA)




## မိတ်ဆက်

ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ခဲ့ပြီး နောက်ပိုင်း နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံသူများအား ဖိတ်ခေါ်လျက် နိုင်ငံတော်အစိုးရ အဆက်ဆက်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ဆောင်ရာ၌ သွင်းကုန်အစားထိုးလုပ်ငန်းနှင့် ပြည်ပပို့ကုန် လုပ်ငန်းများအား တွန်းအားပေး ဆောင်ရွက်စေခဲ့သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးခဲ့သည်။ နိုင်ငံ၏ ယနေ့အချိန်ထိ အဓိကလိုအပ်ချက်အဖြစ် တည်ရှိနေဆဲဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ရေးနှင့် နည်းပညာ/အတတ်ပညာများ ရရှိစေရေးကို ရည်ရွယ်လျက် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ခွင့်ပြုပေးခဲ့သည့်အပြင် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ရင်းနှီးမြှုပ်နှံမှု ဥပဒေများကို အသစ်ပြဋ္ဌာန်း၍ ဖြေလျော့မှုများစွာဖြင့် ဝန်ကြီးဌာနများအားလည်း ပေါင်းစပ်ညှိနှိုင်း ပေးခြင်းများဖြင့် ပိုမိုလုပ်ဆောင်နိုင်ရန် တွန်းအားပေးလျက်လည်း ရှိနေပေသည်။

ထိုသို့ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် နဝလီလက်ခစားစနစ် (CMP) လုပ်ငန်း များသည် တွင်ကျယ်စွာဖြင့် ယနေ့အချိန်ထိ မြန်မာနိုင်ငံအတွင်း အခြေချ လုပ်ကိုင်ခွင့်ပေးထားပြီး မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်မှလည်း နှစ်ရှည်လုပ်ငန်းလုပ်ဆောင်ခွင့်အတွက် ရင်းနှီးမြှုပ်နှံခွင့်ကို ခွင့်ပြုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ၁၉၈၈ - ၂၀၁၁ ခုနှစ် မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အထိ နဝလီလက်ခစားစနစ် (CMP) အခြေခံ အထည်ချုပ်လုပ်ခြင်းလုပ်ငန်းပေါင်း ၃၀၃ ခုနှင့် နဝလီလက်ခစား စနစ် (CMP) အခြေခံအခြားချုပ်လုပ်မှု လုပ်ငန်းပေါင်း ၁၃၆ ခုအား ခွင့်ပြုပေးခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏကျပ်သန်းပေါင်း ၁၄၈၆. ၃၆၃ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာ ဖန်တီး

ပေးနိုင်ခဲ့ပြီးလည်းဖြစ်သည်။

ဤဆောင်းပါးတွင် နဝလီလက်ခစားစနစ် (CMP)လုပ်ငန်းများကို သုံးသပ်တင်ပြရာတွင် မျက်မှောက်ကာလစိန်ခေါ်မှုများကို အထူးဇောင်းပေးလျက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ၊ အခွန်ဆိုင်ရာ၊ တင်ပို့မှု/တင်သွင်းမှုစနစ်ဆိုင်ရာနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် လုပ်ငန်းပိုင်းဆိုင်ရာ ရှုထောင့်တို့မှ ဆွေးနွေးတင်ပြမည်ဖြစ်သည်။

## နိဒါန်း

၁၉၈၈ ခုနှစ်မှစ၍ လွတ်လပ်၍တက်ကြွသော ဘက်မလိုက် နိုင်ငံခြားမူဝါဒကို ကိုင်စွဲလျက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်လုပ်ဆောင်ခဲ့ရာမှ ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်တည်လာသည့် ကာလအထိ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မြင့်မားလာစေရန် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက် ရင်းနှီးမြှုပ်နှံမှုဥပဒေများပြဋ္ဌာန်း၍ နိုင်ငံအတွင်း နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ဖော်ဆောင်ခွင့်ပြုခဲ့ပါသည်။ နိုင်ငံ၏ စီးပွားရေး အညွှန်းကိန်းသည်လည်း ကမ္ဘာ့ဘဏ် အပါအဝင် နိုင်ငံတကာမှ နှစ်စဉ် တိုးတက်လာခဲ့သည်ကို ဆန်းစစ်ချက်များမှ သက်သေပြခဲ့ပြီးလည်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေများ ပေါ်ပေါက်လာခဲ့ပြီး နောက်ပိုင်းကာလများတွင် နိုင်ငံတကာနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအများအပြား တိုးတက်ထွန်းကားလာခဲ့သည်မှာလည်း ငြင်းဖွယ်ရာမရှိပေ။ ယင်းလုပ်ငန်းများစွာ အနက်မှ ဤစာတမ်းတွင် အထူးပြုလျက် တင်ပြလိုသည်မှာ နဝလီလက်ခစားစနစ်(CMP)အခြေခံလုပ်ငန်းများကို ရည်ညွှန်းဆွေးနွေးရန် ရည်ရွယ်ထားပါသည်။ အကြောင်းရင်းမှာ အများလက်ခံထားသည့် အတိုင်း မြန်မာနိုင်ငံ၏ ယနေ့အချိန်ထိ စိန်ခေါ်နေမှုများတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ရေးသည် အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်နေသောကြောင့် ဖြစ်သည်။

နဝလီလက်ခစားစနစ် (CMP) အခြေခံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအနေဖြင့် ၁၉၈၈-၂၀၁၁ ခုနှစ်ကာလများထိ လုပ်ငန်းများ တိုးတက်ခဲ့ထွန်းကားခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့သည်။ မြန်မာ့စီးပွားရေး အညွှန်းကိန်းမှာလည်း များစွာ တိုးတက်ခဲ့သည်ကို တွေ့ရှိကြရပေမည်။ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများ ကြုံတွေ့ရသည့် ကာလများတွင်မူ ယင်းလုပ်ငန်းများ မြန်မာနိုင်ငံမှ ထွက်ခွာခြင်းများ ကြုံတွေ့ခဲ့ရပြီး အလုပ်လက်မဲ့ ပြဿနာများလည်း ပေါ်ပေါက် လာခဲ့ရသည်။

ထို့အတူ အခြားရှုထောင့်မှ ပြန်ကြည့်မည်ဆိုလျှင်မူ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုနှင့် နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စတင်ထွန်းကားလာသည့် အခါ မဖွံ့ဖြိုးသေးသော ဒေသနေတောင်သူ လယ်ယာသမားရိုးကျလုပ်ငန်းများတွင် လယ်ယာလုပ်ငန်း အကူများအဖြစ် အားဖြည့်နေသော လုပ်သား အများအပြား (အထူးသဖြင့် အမျိုးသမီးငယ်များ)သည် စက်မှုလုပ်ငန်းဖွံ့ဖြိုးရာ ရန်ကုန်မြို့သို့ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပညာတတ်လူငယ်များ၊ ကျွမ်းကျင်လူငယ်များလည်း စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံမှသည် အာရပ်နိုင်ငံများအထိ ပြောင်းရွှေ့ အလုပ်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်။

အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးသည် မြန်မာပြည်သူပြည်သားများအတွက် အဓိက စိန်ခေါ်မှုအဖြစ် တစစ ကူးပြောင်းရောက်ရှိလာခဲ့ရပြီး ၁၉၈၈ ခုနှစ်မတိုင်မီ အစောပိုင်းကာလများက မိသားစု တစ်ခုတွင် အိမ်ထောင်ဦးစီးတစ်ယောက်၏ လုပ်စာဖြင့် ထိုင်စားနိုင်သည်ဆိုခဲ့သော မြန်မာပြည်သူတို့ အနေအထားမှသည် အရပ်အခေါ် အိမ်ရှိလူကုန် ရုန်းကန်ရင်း ငတ်တလှည့် ပြတ်တလှည့် ရှာဖွေစားသောက်ကြရသည်ကို နယ်မြို့နေပြည်သူအများအပြားမှသည် မြို့နေလူတန်းစားအထိ ရိုက်ခတ်ခဲ့ကြပြီး ဘွဲ့ရအလုပ်အကိုင်မရှိ အနေအထားထိပင် ရောက်ရှိလာခဲ့သည်ကို သိရှိကြပြီးဖြစ်သည်။ ဆိုလိုသည်မှာ ယနေ့ မြန်မာ့ဒီမိုကရေစီ ခေတ်တိုင်အောင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးသည် ပညာတတ်များအကြား သို့မဟုတ် အလယ်အလတ်ရှိပညာတတ်များအကြား သို့မဟုတ် အခြေခံပြည်သူများအကြား နေ့စဉ်

ကြုံတွေ့နေရသော စားဝတ်နေရေးနှင့် ကျန်းမာရေးတို့အတွက် ဖူလုံသော လုပ်ခလစာရရှိသော အလုပ်အကိုင်အခွင့်အလမ်းများကို ငတ်မွတ်တောင့်တနေဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့်လည်း နဝလီလက်ခစားစနစ် (CMP)အခြေခံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် စိန်ခေါ်နေသော အလုပ်သမားပြဿနာများ၊ အခြား ဝန်ကြီးဌာနများ၏ တောင်းဆိုမှုများစွာ အကြားတွင် ခွင့်ပြုမိန့် ထုတ်ပေးနေရခြင်းသည် အပြစ်ဆိုဖွယ်ရာမရှိပေ။ အကြောင်းရင်းမှာ အထက်တွင်တင်ပြခဲ့သည့်အတိုင်း မြန်မာလူ့အဖွဲ့အစည်းတွင် ယနေ့အချိန်ထိ မရှိမဖြစ် လိုအပ်နေသော အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက် လုပ်ငန်းတစ်ခု ခွင့်ပြုပေးရုံဖြင့် လုပ်သား ထောင်ချီ အလုပ်အကိုင်ရရှိနိုင်ပြီး ကြွင်းကျန်ရစ်မည့် အညစ်အကြေး ဖြတ်စ၊ ကိုက်စပင် မကျန် ပြန်လည်ပေးပို့သည့် လုပ်ငန်းဖြစ်နေခြင်းနှင့် နိုင်ငံစီးပွားရေးကို ဦးမော့လာစေရန် ကနဦးလုပ်ငန်းများအဖြစ် ခွင့်ပြုသည်ဟု မှတ်ယူရပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုငွေရင်း ပမာဏနည်းပါးသော်လည်း အထည်ချုပ်စက်ရုံတစ်ခုအနေဖြင့် လုပ်သား ထောင်ချီအလုပ်ခန့် ထားပေးနိုင်သည့် လုပ်ငန်းသည် နဝလီလက်ခစားစနစ် (CMP) အခြေခံ လုပ်ငန်းသည် အဓိကဖြစ်သည်ဟု (ထုထည်ကြီးမားသော ထုတ်လုပ်မှုလုပ်ငန်းများကို မဆိုလိုပါ။) ဆိုရပေမည်။ သို့ရာတွင် ယင်းလုပ်ငန်းများ ခွင့်ပြုမှုအပေါ် လက်တွေ့လုပ်ငန်းတွင် လုပ်ငန်းရှင်များမှ လည်းကောင်း၊ အခြားဝန်ကြီးဌာနများမှ လည်းကောင်း၊ ရုံးတွင်းပိုင်းဆိုင်ရာ စိန်ခေါ်မှုများစွာလည်း ယနေ့တိုင် လူသိများပြားဆဲလည်းဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ ပေါ်ပေါက်လာမည်ဖြစ်ပြီး ဥပဒေအရအမေရိကန်ဒေါ်လာ ငါးသန်းအောက် သို့မဟုတ် မြန်မာကျပ်ငွေ သန်း ၆၀၀၀ အောက် လုပ်ငန်းများသည် တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများတွင် အတည်ပြုမိန့်လျှောက်ထားနိုင်မည်ဖြစ်သည်။ CMP လုပ်ငန်းအများစုသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများတွင် ဆုံးဖြတ်လုပ်ကိုင်နိုင်ခွင့်ရှိပြီး ကြီးကြပ်ကွပ်ကဲမှုများလည်း ပြုလုပ်နိုင်မည်ဖြစ်ရာ ဤစာတမ်းအား CMP လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံများ မျှဝေလိုသော ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြခြင်းလည်းဖြစ်သည်။

## CMP စနစ်ဟူသည်

ဤအပိုင်းတွင် CMP စနစ်အကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ယင်းစနစ်အကြောင်းကို လက်တွေ့လုပ်ငန်းနှင့်ယှဉ်လျက် တင်ပြမည်ဖြစ်ပြီး တင်ပြချက်များသည် ပညာရှင်များအတွက် ရည်ရွယ်ထားခြင်းမဟုတ်ပါကြောင်း ဦးစွာအသိပေးလိုပါသည်။

အထက်နိဒါန်းပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံရှိ CMP လုပ်ငန်းအများစုသည် နဝလီ လက်ခစားစနစ်အခြေခံ (CMP)လုပ်ငန်းများဖြစ်သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် နဝလီလက်ခစားစနစ် အခြေခံ (CMP) ဟူသော ဖော်ပြချက်ကိုလည်း တွေ့ရှိကြရမည်ဖြစ်သည်။

နဝလီလက်ခစားဟူသည် မြန်မာ့ဝေါဟာရ၌ပင် အဓိပ္ပာယ်သည် ရှင်းလင်းပြီးဖြစ်သည်ဟု ဆိုနိုင်သည်။ အရပ်အခေါ် အရလက်ခစားဆိုသည့်အတိုင်း လက်ခသာ စားရသည့် လုပ်ငန်းဖြစ်သည်ကို ရှုမြင်နိုင်သည်။ ထင်ရှားသော ဥပမာတင်ပြရလျှင် အင်္ကျီတစ်ထည်ချုပ်နိုင်ရန် အစိတ်အပိုင်းအသီးသီးကို သူ့နေရာနှင့်သူချုပ်လုပ်ခြင်း အဆင့်ဆင့်အပြင် တွဲစပ်ခြင်းအပိုင်းစသည်ဖြင့် အပိုင်းတစ်ခုစီ ချုပ်လုပ် တွဲစပ်မှသာ အင်္ကျီတစ်ထည် ဖြစ်လာနိုင်ပါသည်။ ထိုသို့ အစိတ်အပိုင်းအလိုက် ချုပ်လုပ်ခြင်းနှင့် တွဲစပ်ခြင်း အဆင့်တိုင်းတွင် လုပ်သားများစွာ ခန့်ထားနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်မှုနည်းပါးသည့် လုပ်သားများအတွက်လည်း သင်ယူရန်လွယ်ကူပေမည်။ ထိုသို့ဆိုလျှင် ချုပ်လုပ်ခြင်းနှင့် တွဲစပ်ခြင်းအပေါ်တွင် လက်ခ ခံစားရရှိခြင်းဆိုသည့်အချက်သည် ပေါ်လွင်မည်ဟု ထင်မြင်ယူဆမိပါသည်။

အင်္ဂလိပ်ဝေါဟာရ အတိုကောက်ဖြစ်သည့် CMP ကို အဓိပ္ပာယ်ဖွင့်လျှင်မူ ယနေ့အချိန်ထိ မြန်မာ့

နယ်ပယ်တွင် C=Cutting, M=Making, P=Packaging ဟုသာ ဖွင့်ဆိုလေ့ရှိသည်။ ဖွင့်ဆိုထားသည့်အတိုင်း မြန်မာနိုင်ငံအတွင်း လည်ပတ်လျက်ရှိသော လုပ်ငန်းများသည် ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းအဆင့်တွင်သာ ရှိနေဆဲဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင်မူ ယင်းတို့၏ CMP အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ C=Contract, M=Manufacturing, P=Process ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင်အရပင် နိုင်ငံတကာမှနာမည်ကြီး တံဆိပ်များအား နှစ်ဦးသဘောတူစာချုပ်ချုပ်ဆို၍ ထုတ်လုပ်ခြင်းနှင့် ထုတ်ကုန်တစ်ခုရလာသည်မှ ထုတ်ပိုးပြင်ဆင်သည်ထိ အဆင့်ဆင့်လုပ်ဆောင်ခြင်းကိုလည်း တွေ့ရှိရပေမည်။

CMP လုပ်ငန်း၏ သဘောသဘာဝကို ထပ်မံတင်ပြရလျှင် နိုင်ငံခြားမှ တင်သွင်းလာသည့် ကုန်ကြမ်းများ အားလုံးအား သဘောတူလက်ခံထားသည့် အော်ဒါအတိုင်း ချုပ်လုပ်ခြင်း/ထုတ်လုပ်ခြင်း ပြုလုပ်ပြီးပါက လေလွင့်စွန့်ပစ်ပစ္စည်းပါမကျန် တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံနိုင်ငံများသို့ပြန်လည်တင်ပို့ကြရမည်ဖြစ်သည်။ အရပ်အခေါ် အရ ဘာမှချန်လို့မရဘဲ ယူသမျှပြန်ပေးကြရသည်ဟု ဆိုရပေမည်။ စီးပွားရေးရာ အဆိုအရ ၁၀၀ ရာခိုင်နှုန်း ပြည်ပတင်ပို့သည်ဟု ဆိုရပေမည်။ ဤသို့ဆိုလျှင်မြန်မာပြည်တွင်းရှိCMP လုပ်ငန်းများမှပြည်တွင်းသုံး ရောင်းချနိုင်ခွင့်ရှိ/မရှိကို သုံးသပ်နိုင်ပေမည်။ (သို့ရာတွင် ပြည်ပတင်ပို့မှုစနစ်အရ CMP လုပ်ငန်းများအား ပြည်ပတင်ပို့မှု၏ ၂ရာခိုင်နှုန်းအား အလေအလွင့်ဖြစ်ခွင့်အဖြစ် ပေးထားသည်ကို သတိပြုရန်လည်း လိုအပ်ပေသည်။ ထို့အတူ ကုန်ကြမ်းနှင့် ထုတ်ကုန်ညီမျှရန်လည်း လိုအပ်ပေမည်။)

အထက်ဖော်ပြချက် နှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် သိသာမည်ဟု ယူဆမိပါသည်။ မြန်မာပြည်တွင်းရှိ CMP လုပ်ငန်းအများစုသည် တစ်ဆင့်ခံစာချုပ်များသာ ချုပ်ဆိုထားနိုင်ပြီး ကုန်ကြမ်းအဖြစ် တင်သွင်းလာမှုကို ကြည့်လျှင် ပိုမိုသိသာသည်ဆိုရပေမည်။ ဥပမာပေးရလျှင် အင်္ကျီတစ်ထည်တွင် ပါဝင်ရမည့် အစိတ်အပိုင်းများကို ကုန်ကြမ်းအဖြစ် တင်သွင်းပြီး တွဲစပ်ချုပ်လုပ်၍ ရရှိလာသော အင်္ကျီအား မူလနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းမျိုးဖြစ်သည်။ CMP စာချုပ်များ တိုက်ရိုက်ချုပ်ဆိုထားသော နိုင်ငံများရှိ စက်ရုံများသည် အထက်ဖော်ပြပါအတိုင်း နှစ်ဖက်သဘောတူစာချုပ်ချုပ် ဆိုထားသည့်အတိုင်း ထုတ်လုပ်၍ အဆင့်ဆင့်ပြုပြင်ထိန်းသိမ်း ထုပ်ပိုးသည်အထိ လုပ်ဆောင်နိုင်သည့် အခွင့်အရေးကိုရရှိထားပြီး မြန်မာနိုင်ငံအတွင်းသို့လည်း တစ်ဆင့်ခံ စာချုပ်များဖြင့် လက်ခစားပြန်လည်အပ်နှံခြင်းမျိုးလည်း လုပ်ဆောင်နိုင်သည်။ ယင်းတို့ တစ်ဆင့်ခံ ချုပ်လုပ်စေခြင်းအားဖြင့် ဖြစ်ပေါ်နေသော လုပ်အားခ မြင့်မားမှုပြဿနာများကိုလည်း ဖြေရှင်းပြီးဖြစ်သည်ဟုလည်း ဆိုရပေမည်။

အထက်ဖော်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုကို ကြည့်လျှင်ပင် မြန်မာနိုင်ငံအနေဖြင့် CMP စနစ် အခြေခံ လုပ်ငန်းများ လုပ်ဆောင်နေသည့် အားလျော်စွာ ချုပ်လုပ်ခြင်းမှသည် ထုတ်လုပ်ခြင်းအဖြစ်သို့ ကူးပြောင်းသင့်သည်ကို သတိမူကြရမည့် အချိန်သို့ရောက်ရှိနေပြီလည်း ဖြစ်သည်။

## မြန်မာနိုင်ငံအတွင်း ပြဋ္ဌာန်းခဲ့သော ရင်းနှီးမြှုပ်နှံမှု ဥပဒေများပါ လုပ်သားခန့်ထားမှုဆိုင်ရာ အခွင့်အရေးများ

ဤအပိုင်းတွင် ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေများပါ လုပ်သားခန့်ထားမှုဆိုင်ရာ အခွင့်အရေးများကို နှိုင်းယှဉ်တင်ပြသွားမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေများပါပြဋ္ဌာန်းချက်များကိုကြည့်လျှင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စတင်သည့်နှစ်မှ ပထမနှစ်နှစ်တွင် ကျွမ်းကျင်နိုင်ငံခြားသား ၇၅ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံသား ၂၅ ရာခိုင်နှုန်းခန့်ထားခွင့်၊ နောက်ထပ် နှစ်နှစ်တွင် ကျွမ်းကျင်နိုင်ငံခြားသားနှင့် မြန်မာနိုင်ငံသား ၅၀ ရာခိုင်နှုန်းစီ ခန့်ထားနိုင်ခွင့်နှင့် နောက်ထပ် နှစ်နှစ်တာကာလတွင် မြန်မာနိုင်ငံသား ၇၅ ရာခိုင်နှုန်းနှင့်

ကျွမ်းကျင်နိုင်ငံခြားသား ၂၅ ရာခိုင်နှုန်း ခန့်ထားနိုင်ခွင့်တို့အပြင် ကျွမ်းကျင်မှု မလိုအပ်သည့်နေရာတိုင်းတွင် မြန်မာနိုင်ငံသားလုပ်သားများကိုသာ ခန့်ထားရမည်ဟု တိကျသောပြဋ္ဌာန်းချက်များပါရှိသည်။ သို့ရာတွင် လက်ရှိကျင့်သုံးနေသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် လုပ်သား ခန့်ထားမှုနှင့်ပတ်သက်သည့်ပြဋ္ဌာန်းချက်အဖြစ် ရာခိုင်နှုန်းသတ်မှတ်ချက်များ မပါရှိသော်လည်း ယခင်ဥပဒေများတွင် တွေ့ကြုံခဲ့ရသည့် စိန်ခေါ်ချက်များအား ဖြည့်ဆည်း၍ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ် အရည်အချင်းကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်း ကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် ဥပဒေများနှင့်အညီ ခန့်အပ်နိုင်ပြီး အဆင့်ဆင့်သော စီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူ၊ နေရာများတွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်မြင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်၍ အစားထိုးခန့်ထားရမည့်အပြင် ကျွမ်းကျင်မှု မလိုသော လုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကိုသာ ခန့်ထားရမည်ဟု အတိအကျ ဖော်ပြထားသည်။

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအောက်တွင် ရင်းနှီးမြှုပ်နှံသူတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် လုပ်ငန်းများတွင် နိုင်ငံခြားမှခေါ်ယူခန့်ထားသည့်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် OSS (One Stop Service)တွင်မြန်မာပြည်အတွင်း အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်ဗီဇာ၊ နေထိုင်ခွင့်ဗီဇာ နှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ (အကြိမ်ကြိမ်နှင့် တစ်ကြိမ်ပြည်ပြန်ဝင်ခွင့်) တို့ကို လျင်မြန်လွယ်ကူစွာ ကူညီပေးနေသည့်အပြင် လက်ရှိပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်၍ခေါ်ယူခန့်ထားသည့် နိုင်ငံခြားသားများအတွက် အလုပ်လုပ်ခွင့်ကတ်များကို ထုတ်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပေမည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်းသည် အရပ်အခေါ်အရ အဝင်ခက်၍ ခွင့်ပြုမိန့်ရပြီးကာလတွင် စိစစ်မှုအားနည်းချက်များသည်ဟု ပင်ဆိုရပေမည်။ ဥပဒေပါပြဋ္ဌာန်းချက်အရ လုပ်သားခန့်ထားမှုအပါအဝင် တည်ဆဲဥပဒေနှင့်အညီ ခန့်ထားမှု ရှိ/မရှိ အပေါ် စိစစ်မှုအားနည်းချက် စသည့် စိန်ခေါ်မှုများစွာရှိနေခဲ့ပြီး အလုပ်သမားနှင့် အလုပ်အကိုင် ရှာဖွေရေးအတွက် လုပ်ငန်းရှင်များမှသာ တိုက်ရိုက်ခန့်ထားခဲ့သည့် ဓလေ့သာ ခေတ်စားခဲ့ပြီး နိုင်ငံအတွင်း မည့်သည့် ဦးရေ အလုပ်အကိုင်အခွင့်အလမ်းရရှိခဲ့သည်ကို တိကျသောအဖြေထုတ်ရန်လည်း ခက်ခဲခဲ့ သည်ကို တွေ့ရှိရပေမည်။ ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့် အဆိုပြုလွှာများတွင်လည်း ရင်းနှီးမြှုပ်နှံသူများ၏ ကတိကဝတ်စာများစွာကို တောင်းခံထားကြရပြီး ဥပဒေပါပြဋ္ဌာန်းချက်၏ လိုအပ်ချက်အပေါ် ဖြည့်ဆည်းခဲ့ကြရသည်။ ကွင်းဆင်းစစ်ဆေးရာတွင်လည်း ညှိနှိုင်းအဖြေရှာ ပေးနိုင်ရုံသာရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ကိုးကားစရာ အားနည်းခဲ့သည်ကို တွေ့ရှိရပေမည်။

လက်ရှိ အသက်ဝင် ကျင့်သုံးနေသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအောက်တွင်မူ လုပ်ငန်းလုပ်ဆောင်နိုင်ရန် လျင်မြန်လွယ်ကူစွာ ကူညီပေးထားသော်လည်း နိုင်ငံခြားသားခန့်ထားမှုတွင် သတ်မှတ် အရည်အချင်း ကိုက်ညီမှု (လုပ်ငန်းကျွမ်းကျင်မှုလက်မှတ်/ ဘွဲ့လက်မှတ်များနှင့် လုပ်ကိုင်မည့် လုပ်ငန်း ကိုက်ညီမှု) ရှိမှသာ နေထိုင်ခွင့်ဗီဇာ၊ အလုပ်လုပ်ခွင့်ဗီဇာ စသည် ဗီဇာဆိုင်ရာများ ရရှိမည်ဖြစ်သည်။ အရပ်အခေါ်အရလက်ရှိဥပဒေသည် အဝင်လွယ်၍ စိစစ်မှုအားကောင်းသည်ဟု ဆိုရပေမည်။ ထို့အတူ လက်ရှိ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အတည်ပြုမိန့်/ ခွင့်ပြုမိန့်ထုတ်ပေးသည့် မည်သည့်လုပ်ငန်းတွင်မဆို ခန့်ထားမည့်နိုင်ငံခြားသား/ပြည်တွင်း ကျွမ်းကျင်လုပ်သား အပါအဝင်/ကျွမ်းကျင်မှု မလိုသော လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံသူတို့၏ တာဝန်ဝတ္တရားကို ဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းထားပြီး တည်ဆဲဥပဒေများနှင့်အညီ လိုက်နာရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အလုပ်ခန့်ထားရာတွင် သက်ဆိုင်ရာလုပ်ငန်း လုပ်ကိုင်သည့်နေရာမှ မြို့နယ်အ လုပ်သမားညွှန်ကြားမှု

ဦးစီးဌာနရုံးများမှတစ်ဆင့် ခေါ်ယူခန့်ထားရန်နှင့် ခန့်ထားပြီး အလုပ်ရှင်အလုပ်သမား စာချုပ်ချုပ်ဆိုရန်၊ အလုပ်လုပ်ကိုင်ခွင့်ကတ်များ သတ်မှတ်ရက်အတွင်း လျှောက်ထားရန်နှင့် ကွင်းဆင်းစစ်ဆေးမှုများတွင် ရင်းနှီးမြှုပ်နှံသူများ လိုက်နာကြရမည့် တာဝန် ဝတ္တရားများနှင့် ကိုက်ညီမှုရှိ/မရှိကိုပါ တစ်ပါတည်းစိစစ်နိုင်သည့်အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့ရှိရသည်။ ထို့အတူ အလုပ်သမားဥပဒေအရလိုက်နာမှုမရှိသော လုပ်ငန်းရှင်များအား တွန့်ဆုတ်မှုမရှိစေဘဲ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ဆောင်နိုင်စေရန် တည့်မတ်ပေးနိုင်မှုများ ရှိလာသည်ဟု ဆိုရပါမည်။


ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ဖော်ပြရခြင်းသည် ယင်းဥပဒေများပါလုပ်သားခန့်ထားမှုအပေါ် ဖော်ပြချက်များသည် လက်တွေ့လုပ်ငန်းခွင်တွင်ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ပြေလည်သွားစေရန် တဖြည်းဖြည်း အကောင်အထည်ဖော် ဖြည့်ဆည်းထားသည်ကို ပေါ်လွင်စေချင်၍ တင်ပြရခြင်းလည်းဖြစ်သည်။ ထို့အပြင် လက်ရှိအချိန်ထိ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် နဝလီလက်ခစားစနစ် (CMP) အခြေခံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကသာ လုပ်သားအင်အားများစွာ ခန့်ထားနိုင်သည့်အပြင် အလုပ်သမားပြဿနာများစွာနှင့် အခြားသော စိန်ခေါ်မှုများစွာ ရှိနေသည်ကို တွေ့ရှိရပေမည်။ မည်သို့ပင်ဆိုစေကာမူ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံ၏ အဓိက စိန်ခေါ်ချက်တစ်ခုဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ရေးအတွက် အဓိကဖြည့်ဆည်းပေးနိုင်သည့် လုပ်ငန်းသည် လက်ရှိအချိန်ထိ CMP အခြေခံလုပ်ငန်းများသာ ဖြစ်နေပြန်သည်။

## မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သော နဝလီလက်ခစားစနစ် (CMP) အခြေခံရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ


ဤအပိုင်းတွင် ၁၉၈၈-၂၀၁၁ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့သည့် နဝလီလက်ခစားစနစ် (CMP) အခြေခံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အထည်ချုပ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ရရှိသော အချက်အလက်များကို ကိုးကားတင်ပြမည်ဖြစ်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုဥပဒေများပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်အခွင့်အရေးများကိုလည်း တစ်ပေါင်းတည်း တင်ပြရန် ရည်ရွယ်ပါသည်။

၁၉၈၈ - ၂၀၁၁ ခုနှစ်မှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုခဲ့သည့် နဝလီလက်ခစားစနစ် (CMP) အခြေခံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အထည်ချုပ်လုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံအား နိုင်ငံတကာမှ စီးပွားရေး ပိတ်ဆို့မှုကာလတွင်သာ သိသာစွာ ယုတ်လျော့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပုံ(၁)တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ဆောင်ခဲ့သည့် ၁၉၈၈ ခုနှစ်မှသည် ၂၀၁၇ ခုနှစ်၊ ဧပြီလကုန် ဘတ်ဂျက်နှစ်အလိုက် ခွင့်ပြုခဲ့သည့် အထည်ချုပ်လုပ်ငန်းများကို ဖော်ပြချက်ပုံဖြစ်ပြီး ပုံ(၂) သည် အထည်ချုပ်မဟုတ်သည့်အခြားသော နဝလီလက်ခစားစနစ်အခြေခံ (CMP) လုပ်ငန်းများပြပုံဖြစ်သည်။ ယင်းပုံများကို လေ့လာခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခဲ့ခြင်းအပေါ် သုံးသပ်ခန့်မှန်းနိုင်မည်ဟု ထင်မြင်မိပါသည်။ (ယခု စာတမ်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့် နှစ်ဟောင်းကာလများမှ အဆိုပြုချက်များ၏ အဆိုပြုလွှာများတွင် လုပ်သားအင်အား ခန့်ထားမည့် ဦးရေဖော်ပြချက် မပါရှိသည့်အတွက် တစ်စုတစ်စည်းတည်း စုစည်းတင်ပြနိုင်ခြင်းမရှိပါ။ ထို့အပြင် တင်ပြထားသည့် ခန့်ထားဦးရေသည် မြေပြင် အနေအထားအရ ရရှိချက်များနှင့် ကွဲလွဲနိုင်သဖြင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အလုပ်အကိုင်ရရှိမှု အခြေအနေသည်သာ အမှန်ဟုယူဆရပါမည်။)




ပုံ(၁)။ နဝလီလက်ခစားစနစ်အခြေခံ (CMP) အထည်ချုပ်လုပ်ငန်းပြပုံ။




ပုံ(၂)။ နဝလီလက်ခစားစနစ်အခြေခံ (CMP) အထည်ချုပ်မဟုတ်သည့်အခြားလုပ်ငန်းများပြပုံ။

အထက်ပါပုံများကိုကြည့်လျှင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးခဲ့သည့် CMP စနစ်အခြေခံလုပ်ငန်းများ၏ တိုးတက်မှုကို သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှု အနေအထားကိုလည်း ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရမည်ဖြစ်သည်။ ဥပမာပေးတင်ပြရလျှင် အထည်ချုပ်လုပ်ငန်းတစ်ခုသည် အနည်းဆုံး လုပ်သားခန့်ထားရန် လျာထားလုပ်သားဦးရေ ၅၀၀ ခန့်ထားမည်ဆိုလျှင်ပင် ဘတ်ဂျက်နှစ်အတွင်း လုပ်ငန်းပေါင်း ၅၀ ခွင့်ပြုခဲ့ပါမူ မြန်မာပြည်သူများအနေဖြင့် အနည်းဆုံးလုပ်ခလစာခံစားခွင့်နှင့်အတူ အလုပ်အကိုင်ရရှိမှုကို ချိန်ထိုးကြည့်လျှင် များစွာ ထိရောက်မှု ရှိသည်ဟု ဆိုရပေမည်။ သို့ရာတွင် လက်တွေ့ စိန်ခေါ်နေမှုများကိုလည်း နောက်အပိုင်းတွင် ဆက်လက် ဆွေးနွေးမည်ဖြစ်ပါသည်။

CMPစနစ်အခြေခံလုပ်ငန်းများသည် ၁၀၀ ရာခိုင်နှုန်း ပြည်ပပို့ကုန်အဖြစ် မှတ်ယူထားသည့် အားလျော်စွာ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော ရင်းနှီးမြှုပ်နှံမှု ဥပဒေများအရမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြု/ခွင့်ပြုထားသည့်(ယခင်ဥပဒေအရ အဆိုပြုလုပ်ငန်းနှင့် တည်ဆဲဥပဒေအရ အတည်ပြုလုပ်ငန်းအများစု) လုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ကို ရရှိနိုင်သည်။

၂၀၁၂ခုနှစ် နိုင်ငံခြားနှင့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ CMP စနစ်အခြေခံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ကုန်ကြမ်းတင်သွင်းခွင့်အပေါ် အခွန်ကင်းလွတ်ခွင့် သုံးနှစ်ခံစားခွင့် ခွင့်ပြုမိန့်ရရှိပြီး စီးပွားဖြစ်စတင်သည်မှ တစ်ပါတည်း ခံစားခွင့်ရရှိကြသည်။ တည်ဆဲ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပို့ကုန်အပေါ် အကျိုးခံစားခွင့်အရ အနည်းဆုံး ၈၀ ရာခိုင်နှုန်း ပြည်ပတင်ပို့ကုန် အပေါ်တွင် တင်သွင်းသည့် ကုန်ကြမ်းအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ သို့ရာတွင် CMP လုပ်ငန်းဖြစ်သည့်အလျောက် ၁၀၀ ရာခိုင်နှုန်း ပြည်ပပို့ကုန်အဖြစ် သတ်မှတ်ထားသည့်အတွက် ကုန်ကြမ်းအပေါ် အခွန် ကင်းလွတ်ခွင့်/ သက်သာခွင့်ကိုလျှောက်ထားနိုင်ပြီး ခံစားခွင့်အပေါ် နှစ်ကာလသတ်မှတ်ချက်များ မတွေ့ရှိရဘဲ ပြောင်းလဲသွားသော တည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် ပြည်ပပို့ကုန်အားပေးသောမူအရပြည်ပတင်ပို့မှုများအတွက် တင်ပို့မှုရာခိုင်နှုန်းအလိုက် အခွန်အဖြစ် ကျခံခဲ့သည့် ငွေကြေးများကို နောင်နှစ် ဘတ်ဂျက်များတွင် တင်ပြလျှောက်ထား ထုတ်ယူနိုင်ခွင့်လည်း ရရှိမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ မည်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုမဆို/ မည်သည့်နိုင်ငံသားကိုမဆို သာတူညီမျှ ခံစားခွင့်များပေးထားပြီး မြေပြင်အချက်များအရလည်း စိန်ခေါ်မှုများရှိနေနိုင်သည်ကို သတိပြုကြရမည်လည်းဖြစ်သည်။

## မျက်မှောက်ကာလစိန်ခေါ်မှုများ

ဤအပိုင်းတွင် မြန်မာနိုင်ငံအတွင်းရှိ CMP လုပ်ငန်းများအနေဖြင့် တွေ့ကြုံနေကြရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ယင်းလုပ်ငန်းများအပေါ် ခွင့်ပြုမိန့်ပေးသည့် အပေဓ ဌာနဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မြေပြင် လက်တွေ့စိန်ခေါ်ချက်များအား တင်ပြရန် ရည်ရွယ်ပါသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်းရှိ လက်ရှိလည်ပတ်နေသော CMP လုပ်ငန်း များ အနက် နဝလီလက်ခစားစနစ်ဖြင့် သာ အများဆုံး တစ်ဆင့်ခံ စာချုပ်ဖြင့် ချုပ်လုပ်ရသည့် လုပ်ငန်းများနှင့် တိုက်ရိုက် စာချုပ်ချုပ်ဆို ထုတ်လုပ်သည့် ပြည်ပနိုင်ငံများ၏ စက်ရုံခွဲအဆင့်သာ အများစုဖြစ်နေသည်ကို မြေပြင် စစ်တမ်းအရ သိနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အတည်ပြုလွှာ/ ယခင် အဆိုပြုလွှာ တင်ပြလျှောက်ထားမှုတွင်ပါဝင်သည့် CMP စာချုပ်များအရ သိရှိနိုင်သည်။ တစ်ဆင့်ခံချုပ်လုပ်ခွင့် ရရှိသည့်အတွက် လက်တွေ့တွင်ဖြစ်နိုင်ချေအများဆုံး စိန်ခေါ်မှုမှာ တစ်ဆင့်ခံစာချုပ်ဖျက်သိမ်းခံရခြင်းနှင့် နဝလီလက်ခစားစနစ်ဖြစ်၍ ရရှိသော ချုပ်လုပ်သည့် လက်ခနည်းပါးခြင်းများဖြစ်သည်။ ဤသို့ဆိုလျှင် ခိုင်မာသော တိုက်ရိုက်စာချုပ်များချုပ်ဆိုနိုင်ရန် လိုအပ်နေသည်မှာလည်း အမှန်ပင်ဖြစ်သည်။

မြေပြင်တွေ့ရှိချက်များအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်လုပ်သားခန့်ထားမှုအား အမှန်တကယ်ခန့်ထားမှု ရှိ/မရှိ စစ်တမ်းကောက်လျှင်မှု ခန့်ထားနိုင်ခြင်း မရှိသည်ကို တွေ့ရှိရမည် ဖြစ်ပြီး အချို့သော လုပ်ငန်းရှင်များအနေဖြင့် စက်ရုံများ တိုးချဲ့ဖွံ့စည်းလျက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သည့် ပုံစံကိုရယူလျက် ထပ်မံခန့်ထားမည့် လုပ်သားအင်အားကို တင်ပြလွှာတွင် တင်ပြထားသော်လည်း ပထမ စက်ရုံတွင် တစ်ဆင့်ခံ အော်ဒါမရရှိချိန်တွင် ယင်းစက်ရုံမှ လုပ်သားများအား အော်ဒါရရှိသည့် ဒုတိယစက်ရုံ သို့မဟုတ် အသိမိတ်ဆွေ စက်ရုံများတွင် လုပ်အားခိုင်းစေခြင်းများ ပြုလုပ်ကြပြန်သည်။ ထို့အတူ လက်ခံ အော်ဒါအရ တင်ပို့ရန် အလျင်လိုသည့် အခါများတွင်လည်း တည်ဆဲအလုပ်သမား ဥပဒေများကို လိုက်နာရန် မလွယ်ကူဘဲ အလျဉ်းသင့်သည့်အတိုင်း လုပ်အားရယူကြရသည့် ဖြစ်စဉ်များကလည်း တွေ့ရမည်ဖြစ်သည်။။

ထို့အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြသည့် အဆိုပြုလွှာများတွင် (ယခင်ကာလ) လုပ်သားများအတွက် လုပ်ဆောင်ပေးမည့် လုပ်ငန်းခွင့် သာယာဝပြောရေးနှင့် လုပ်ငန်းခွင်အတွင်း လုံခြုံမှု အစီအစဉ်များနှင့် ယင်းတို့တင်ပြခဲ့သည့် ကတိကဝတ်များအတိုင်း လိုက်နာခြင်း မရှိသည်ကိုလည်း တွေ့ရှိကြရသည်။

ယင်းတို့၏ အကျိုးဆက်အနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကို လိုက်နာရန်ပျက်ကွက်စေပြီး ကြီးမားသော အလုပ်သမားပြဿနာများအဖြစ်သို့ တွန်းပို့ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ လုပ်ခလစာ တိုးမြှင့်တောင်းခံမှုများ၊ အလုပ်သမားဥပဒေအရ အများပြည်သူရုံးပိတ်ရက်များတွင် အချိန်ပိုကြေးမပေးဘဲ စေခိုင်းခြင်းများ၊ အလုပ်ချိန် ရှစ်နာရီထက်ကျော်လွန်ခိုင်းစေခြင်းအပေါ် အချိန်ပိုကြေးမပေးခြင်းနှင့် နည်းပါးခြင်းများသည် လက်တွေ့တွင် ဖြေရှင်းရ ခက်ခဲဆဲ ပြဿနာများလည်းဖြစ်သည်။ ထိုသို့သော အလုပ်သမားပြဿနာများ ကြုံတွေ့ရသည့် အထည်ချုပ်စက်ရုံများအဖို့ အော်ဒါများအချိန်မီ မချုပ်လုပ်နိုင်ခြင်းကြောင့် အော်ဒါဆက်လက် လက်ခံရရှိမှုမရှိတော့ခြင်း အပါအဝင် အလုပ်သမားများအတွက် ပုံမှန် လုပ်ခ လစာ ပေးနိုင်ခြင်းမရှိတော့ဘဲ သံသရာလည်လျက် ရှိနေဆဲဖြစ်သည်။

ယခင်ကာလများတွင် လုပ်သားများအတွက် ပုံမှန် လုပ်ခလစာမပေးနိုင်သဖြင့် နိုင်ငံခြားသားလုပ်ငန်းရှင်များမှ တိတ်တဆိတ် ထွက်ခွာသွားသည့်အတွက် အလုပ်သမားများ၏ လုပ်ခလစာအား ကျန်ရှိ ပစ္စည်းများအား ထုခွဲရောင်းချမျှဝေပေးရသည့် သတင်းများလည်း အထင်အရှားပင်။ ထို့အတူ အလုပ်သမားများအား ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲ အလုပ်မှ အနားပေးခြင်းများ၊ မည်သည့်ခံစားခွင့်မှ မပေးဘဲ ထားသည့်အတွက် အလုပ်သမားသမဂ္ဂများမှ ဦးဆောင်၍ ညှိနှိုင်းရခက်ခဲသည့် ပြဿနာ

များနှင့် ရင်ဆိုင်နေရဆဲလည်းဖြစ်သည်။ ထို့အတူ လုပ်ခ လစာမလုံလောက်သဖြင့် ထပ်မံတိုးမြှင့် တောင်းခံခြင်း ကဲ့သို့သော ကိစ္စရပ်များအပေါ် အလုပ်ရှင်နှင့် အလုပ်သမားအကြား ထိန်းညှိရခြင်းသည်လည်း ခက်ခဲနေဆဲ ကိစ္စတစ်ရပ် ဖြစ်သည်။

ဆက်လက်၍ အခွန်ဦးစီးဌာန (အကောက်ခွန်နှင့်ပြည်တွင်းအခွန်) ရှုထောင့်မှကြည့်လျှင် CMP လုပ်ငန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်း ဖြစ်သည့်အတွက် စိစစ်ခြင်းများကို လျှော့ပေါ့ခွင့်ပြုလျက်ရှိသည်ဟု အရပ်စကားအရ သိရှိရသည်။ သို့ရာတွင် ရင်ဖွင့်စကားအချို့အား ဥပမာပေးရလျှင် ကော်မရှင်မှ ခွင့်ပြုသည့် ကုန်ကြမ်းစာရင်းတွင် ပိတ်သားအလွတ် ဖြစ်သော်လည်း အမှန်တကယ် တင်သွင်းလာသည့်အခါ ပန်းပွင့်ရိုက်ထားသော ပိတ်သားဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိရသည်။ ထို့အတူ ပြည်ပပို့ကုန် ၁၀၀ ရာခိုင်နှုန်းတင်ပို့သည့် လုပ်ငန်းဟု ဆိုသော်လည်း ပြည်ပပို့ကုန်စိစစ်ချက်အရ မြေပြင်တွင် ရာနှုန်းပြည့်တင်ပို့ခြင်းမရှိဘဲ ၈၀ ရာနှုန်းအောက် တင်ပို့နေသည်ဟု အတွင်းစကားများအရ သိရှိရပြီး ပြည်ပတင်ပို့မှုအား အခွန်ကင်းလွတ်ခွင့် ပေးထားသော်လည်း တင်သွင်းသည့်ကုန်ကြမ်းအပေါ် အခွန်ကင်းလွတ်ခွင့်သို့မဟုတ် သက်သာခွင့်သည် ပြည်ပပို့ကုန်အချိုးပေါ် မူတည်နေသည်ဖြစ်ရာ CMP လုပ်ငန်းများအပေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းသည်နိုင်ငံတော်အတွက် အခွန်အကောက် လျော့ပါးစေသည်ဟူသော အမြင်များစွာကိုလည်း တွေ့ရှိရပေသည်။ ဆိုလိုသည်မှာ ထုတ်ကုန်ဦးစားပေးမှုကိုပြည်သူများသို့ အသိပေးရန် လိုအပ်လျက်ရှိသည်ကို ညွှန်ပြနေပါသည်။

အထက်တွင်တင်ပြခဲ့သည့်အတိုင်း CMPလုပ်ငန်းများသည် အလေအလွင့်အနေဖြင့် ၂ ရာနှုန်းသာ လေ့လွင့်ခွင့်ရှိပြီး အလေအလွင့်များပါမကျန် မူလအော်ဒါပေးသည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရသော်လည်း အများပြည်သူတို့စကားအရ မြန်မာပြည်တွင်းဈေးကွက်တွင် အလေအလွင့်ထက် ပိုမိုကျယ်ပြန့်စွာရှိနေသည့်အတွက် ၁၀၀ ရာခိုင်နှုန်းတင်ပို့မှု တင်ပြချက်အပေါ် သံသယဖြစ်ဖွယ်ရာများ တိုးတက်လာသည့်အပြင် ကုန်ကြမ်းအပေါ် အခွန်ကင်းလွတ်ထားသည့်နည်းတူ ပြည်တွင်းရောင်းချခြင်းအတွက်လည်း ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် မရရှိခြင်းသည်လည်း ထောက်ပြစရာတစ်ခု ဖြစ်လာနေပေသည်။

ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပေးထားသော လျှောက်ထားနိုင်သည့် ကုန်ကြမ်းနှင့် တည်ဆောက်ရေးကာလအတွင်း စက်ပစ္စည်းတင်သွင်းမှုများအပေါ် ခံစားရမည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုကောင်းစွာ အသုံးချလျက် ရင်းနှီးမြှုပ်နှံမည့် မတည်ငွေရင်းနီးပါးရှိ စက်ပစ္စည်းများ တင်သွင်းရန်တင်ပြခြင်း၊ စက်ပစ္စည်းအပိုအများအပြား တင်သွင်းရန်တင်ပြခြင်း၊ ကုန်ကြမ်းစာရင်းတင်ပြရာတွင် ထုတ်လုပ်မည့်ရာထား တွက်ချက်မှုစာရင်းနှင့် ကိုက်ညီမှု မရှိဘဲ ပိုလျှံစွာ တင်ပြခြင်း စသည့် မလိုလားအပ်သော ပြဿနာများအပြင် စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်ဆင့်ခံ ဥပဒေအကြံပေးအဖွဲ့များနှင့် နိုင်ငံ့ဝန်ထမ်းများအကြား လူမှုရေးပြဿနာများအပြင် အဂတိ လိုက်စားမှုပြဿနာများပါ တိုးပွားလာသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ယခင် ရင်းနှီးမြှုပ်နှံမှုဥပဒေများအရ အဆိုပြုလွှာတင်ပြလာပါက အဆိုပြုချက်စိစစ်ရေးအဖွဲ့သို့ တင်ပြစိစစ်ခြင်းနှင့် သက်ဆိုင်ရာ ကော်မတီများနှင့် ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်းများ ပြုလုပ်ခဲ့ပြီး များစွာစိစစ်၍ အရပ်အခေါ် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခွင့် ရရှိရန် အဝင်ခက်စေခဲ့သည်။ ခွင့်ပြုမိန့်ရရှိပြီး နောက်ပိုင်းတွင် ယင်းတို့ ခံစားခွင့်များခံစားပြီး ပုံသဏ္ဌာန်မျိုးစုံဖြင့် အသွင်ကူးပြောင်းခဲ့သည့် သာဓကများစွာလည်း ရှိနေဆဲဖြစ်သည်။ တည်ဆဲမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအောက်တွင် CMP လုပ်ငန်းများအနေဖြင့် အတည်ပြုမိန့်ဖြင့် လျင်မြန်လွယ်ကူစွာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော်လည်း အခြားလိုအပ်ချက်များအား တည်ဆဲဥပဒေများနှင့်အညီဆက်လက်လိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်ပြီး ဖော်ပြခဲ့သည့် လက်ရှိ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ လိုက်နာရမည့် အချက်များ ချိုးဖောက်သော

ရင်းနှီးမြှုပ်နှံသည့် မည်သည့်လုပ်ငန်းကိုမဆို ဥပဒေပါ သတ်မှတ် ပြစ်ဒဏ်များကို ထိထိရောက်ရောက်ချထား ဆောင်ရွက်မည်ဖြစ်သကဲ့သို့ ကုန်ကြမ်းနှင့် စက်ပစ္စည်း စာရင်းများကိုလည်း မရှိမဖြစ် တင်သွင်းရန်လိုအပ်မှသာ ဖော်ပြရန် တိုက်တွန်း စိစစ်ချက်များ ရှိနေပြီဖြစ်ပြီး တင် သွင်းမှုမူနှင့် ကိုက်ညီမှုမရှိသည့် ပစ္စည်းများအတွက် အခွန် ပေးဆောင် တင်သွင်းရန်လည်း တွန်းအားပေးလျက် ရှိနေ ပြီ ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုမိန့် / ခွင့်ပြုမိန့် ကြောင့် CMP စနစ် အခြေခံ လုပ်ငန်းများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ဖြင့် အသင့် ထုတ်လုပ်ထားသော ပိတ်စများပိုလျှံစွာ တင်ပို့လာခြင်း သည်လည်း ဌာနေနိုင်ငံသားလုပ်ငန်းရှင်များအဖို့ကြီးမား သော စိန်ခေါ်ချက်တစ်ခုအဖြစ် တွန်းအားပေးလျက် ရှိ သည်။ သို့ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် လုပ်ငန်းဆိုင်ရာဖော်ပြချက်များနှင့် ကုန်ကြမ်း တင်သွင်းမှုများတွင် အဝတ်အထည်စများပါဝင်မှု (Textile ဟူသော အသုံးပင် အသုံးမခံဘဲ) မရှိရလေအောင် စိစစ်ခွင့်ပြုလျက်ရှိနေပေသည်။ သို့သော်လည်း ယနေ့ ချိန်ထိ ဌာနေနိုင်ငံသား အသေးစားနှင့် အလတ်စား အထည်လုပ်ငန်းရှင်များအကြား ဒွိဟအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။

ထို့အတူ ဒေသတွင်းနိုင်ငံများမှ ဝါဒဖြန့်စိန်ခေါ် မှုများကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ဥပမာပေးရမည် ဆိုလျှင် ဆွစ်ဇာလန်နိုင်ငံ၏ နာမည်ကြီးကုန်အမှတ်တံဆိပ် ဖြစ်သည့် H&M တံဆိပ်သည် မြန်မာနိုင်ငံရှိ အထည်ချုပ် လုပ်ငန်းများမှ ၄၀ ရာခိုင်နှုန်းကို ချုပ်လုပ်ပေးလျက်ရှိသည်။ အလုပ်သမားပြဿနာများ ဖြစ်ပေါ်ခဲ့သည့် အထည်ချုပ် စက်ရုံအချို့သည် လက်ခံချုပ်လုပ်ရသည့် အော်ဒါများ အချိန်မီ မပေးပို့နိုင်သဖြင့် ယင်းတံဆိပ်ချုပ်ဆိုမှုကို မြန်မာ နိုင်ငံအတွင်းရှိ CMP အထည်ချုပ်များသို့ မပေးတော့ ဟူသော ဝါဒဖြန့်မှုကြောင့် လုပ်ငန်းရှင်များနှင့် အလုပ် သမားများအနေဖြင့် စိုးရိမ်ပူပန်မှုများ တိုးပွားစေခဲ့သည်။ လက်တွေ့ဖြစ်ရပ်များနှင့် ကင်းကွာသည်ဟု ဆိုနိုင်သော် လည်း ဒေသတွင်း စီးပွားရေးယှဉ်ပြိုင်မှုပုံရိပ်အရထင်ဟပ် လာသည်ဟု အကောင်းမြင်သုံးသပ်လိုပါသည်။

ဖော်ပြပါအချက်များသည် မျက်မှောက်ခေတ် ကာလတွင် မြန်မာပြည်တွင်းရှိ CMP လုပ်ငန်းများ လုပ် ဆောင်သည့် စက်ရုံများတွင် လုပ်ငန်းဆိုင်ရာ စိန်ခေါ်မှု များ၊ အလုပ်သမားနှင့်ပတ်သက်သည့် စိန်ခေါ်မှုများ၊ အခွန်ဆိုင်ရာစိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတွင်းရေးမှူးရုံးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှု၊ ဌာနေအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် များအပေါ် စိန်ခေါ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၏ ရုံးတွင်းစိန်ခေါ်ချက်များနှင့် ဒေသတွင်းဝါဒဖြန့် စိန်ခေါ်မှုများအား တင်ပြခြင်းသာ ဖြစ်ပြီး ယင်းစိန်ခေါ်မှုများအပေါ် တွင်လည်း အဖြေရှာ ရမည် ဖြစ်သည်။ ထို့အပြင် တာဝန်ယူမှုရှိသော ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများအဖြစ်သို့ အမြန်ဆုံးဖန်တီး တည် ဆောက်ကြရမည်လည်းဖြစ်သည်။

## ဆွေးနွေးသုံးသပ်အကြံပြုချက်

စိန်ခေါ်မှုများသည် လက်တွေ့တွင် ဖြေရှင်း ဆောင်ရွက်ရန် ခက်ခဲနေသော်လည်း အဖြေမရှိသည့် ပြဿနာများမဟုတ်သည်ကို သိရှိကြပါလိမ့်မည်။ ဤ အပိုင်းတွင် လက်လှမ်းမီသမျှ ဆွေးနွေးသွားမည်ဖြစ်သည်။

CMP လုပ်ငန်းများအား အထက်တွင် ဖော်ပြခဲ့ သည့်အတိုင်း ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်းနှင့် ထုပ် ပိုးခြင်းအဆင့်မှသည် တိုက်ရိုက်စာချုပ်ချုပ်ဆို အော်ဒါ လက်ခံခြင်း၊ စလယ်အဆုံးထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးသည့် အဆင့်အထိ အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသို့ အလျင်အမြန် ကူးပြောင်းရန်လိုအပ်နေပြီ ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ပြီး လုပ်သားများ အတွက်လည်း တောင်းဆိုလာသည့် လုပ်ခလစာများ ထိန်းညှိပေးနိုင်ရန် လွယ်ကူလာနိုင်ပေသည်။ ထို့အတူ ပေါ်ပေါက်နေသော အလုပ်သမားပြဿနာများနှင့် အလုပ် ရှင်များ တိတ်တဆိတ်ထွက်ခွာခြင်းများလည်း နည်းပါး လျော့ပါးလာစေသည့်အပြင် တိုက်ရိုက်အော်ဒါရရှိသည့် အတွက်လည်း တာဝန်ခံနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

များအဖြစ် အသွင်ကူးပြောင်းလာမည်ဖြစ်သည်။

CMP လုပ်ငန်းများအားပြည်တွင်းရောင်း/ပြည်ပရောင်းစနစ်(FOB)အခြေခံလုပ်ငန်းများအဖြစ် အသွင်ကူးပြောင်းနိုင်ရန် တွန်းအားပေးခြင်းဖြင့်လည်း နိုင်ငံတော်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် ကောက်ခံရရှိမှု ပိုမိုလာမည့်အပြင် ပြည်သူများအနေဖြင့်လည်း အမည်ရအမှတ်တံဆိပ်များကို မိမိနိုင်ငံအတွင်း အလွယ်တကူ ဝယ်ယူအားပေးနိုင်မည်လည်းဖြစ်သည်။ ဥပမာပေးရလျှင် ထိုင်းနိုင်ငံတွင် အထက်ဖော်ပြပါ H&M တံဆိပ်အရောင်းဆိုင်အများအပြား ရှိနေသော်လည်း မြန်မာနိုင်ငံအတွင်း ယင်းတံဆိပ်၏ ၄၀ ရာခိုင်နှုန်း ချုပ်လုပ်သော်လည်း ရောင်းချခြင်းမရှိသည်ကို တွေ့ရပေမည်။ ထိုသို့ဆိုလျှင် FOB စနစ်သို့ အသွင်ကူးပြောင်းနိုင်ရန် တွန်းအားပေး လုပ်ဆောင်သင့်ပေသည်။ ထိုသို့ တွန်းအားပေးခြင်းသည် သွင်းကုန်အစားထိုးမှုကို အားပေးရာရောက်သည့်အပြင် ကုန်ကြမ်းမှ ကုန်ချောအထိ မြန်မာနိုင်ငံအတွင်း ချုပ်လုပ်ခြင်းမှ ထုတ်ထုပ်ခြင်းသို့ ကူးပြောင်းသွားစေသည့်အပြင် ဌာနေလုပ်ငန်းရှင်များအတွက်လည်း အခွင့်အရေးကောင်းများ ဖန်တီးပေးရာလည်း ရောက်မည်ဖြစ်ပေသည်။

CMP စနစ်အခြေခံအထည်ချုပ်လုပ်ခြင်းလုပ်ငန်းသည် အမေရိကန်ပြည်ထောင်စု၏ အထူးအခွန် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်သည့် လုပ်ငန်းစာရင်းတွင် မပါဝင်သော်လည်း CMP စနစ်ဖြင့် အခြား ထုတ်လုပ်ခြင်းလုပ်ငန်းများအနေဖြင့် အမှန်တကယ်ထုတ်လုပ်သည့် ကုန်အမှတ်တံဆိပ်အား မြန်မာနိုင်ငံအား မူလရင်းမြစ်နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြရန် တွန်းအားပေးခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စု အပါအဝင် ဥရောပနိုင်ငံများတွင် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပိုမို လာရောက်မြှုပ်နှံကြမည်လည်းဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား အထည်ချုပ်လုပ်ခြင်းလုပ်ငန်းများအား စုပေါင်းစီးပွားရေးလုပ်ဆောင်တတ်သည့် အလေ့အကျင့်ကို ပျိုးထောင်ပေးပြီး နိုင်ငံတကာနည်းတူ နိုင်ငံတော်အစိုးရမှ တင်ပြလာသည့် လုပ်ငန်းပရောဂျက်အပေါ်တွင် အတိုးမဲ့ထုတ်ချေးငွေပေး၍လည်းကောင်း၊ နိုင်ငံတကာမှ လာရောက် ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ပူးပေါင်း၍ နည်းပညာနှင့် တိုက်ရိုက်အော်ဒါများ တိုးတက်ရရှိလာစေရန် ဦးဆောင်မှုပေးခြင်းများဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ဝင်ဆံ့ရန် တွန့်ဆုတ်နေမှု များ ပျောက်ကွယ်နိုင်သည့်အပြင် အမှန်တကယ်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေမည်ဖြစ်သည်။ စီးပွားရေးအရ ယှဉ်ပြိုင်မှုဈေးကွက်သဘောတရားကို လက်ခံကျင့်သုံးလာနိုင်မည့်အပြင် ရှိရင်းစွဲ ခန့်ထားနိုင်သည့် လုပ်သားအင်အားနှင့် လုပ်ခလစာများတိုးတက်လာစေပြီး တာဝန်ယူမှုရှိသောလုပ်ငန်းများအဖြစ် ရပ်တည်လျက် နိုင်ငံဝင်ငွေကို ဆပွားတိုးတက်စေမည်လည်းဖြစ်သည်။

လက်ရှိအချိန်ထိ မြန်မာနိုင်ငံ၏ အဓိက စိန်ခေါ်ချက်ဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ပြည်ပတွင် လုပ်ငန်းလုပ်ဆောင်နေကြသည့် မြန်မာနိုင်ငံသားများအတွက် ပြည်တွင်း၌ လုံလောက်သည့် လုပ်ခလစာဖန်တီးပေးနိုင်ရေးသည် အမှန်တကယ်လိုအပ်နေသည့်နည်းတူ မိမိနိုင်ငံ စီးပွားရေး ဦးမော့လာစေရန်မှာလည်း နိုင်ငံတော်အစိုးရဦးဆောင်မှုအောက်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ လက်တွဲညီညီ ခရီးဆက်၍ ပြိုင်တူတွန်းမှသာ ရွေ့နိုင်မည်လည်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လက်ရှိမြန်မာနိုင်ငံ၏ ပကတိမြင်ကွင်းအရဆိုလျှင်ပင် CMP လုပ်ငန်းများသည် နဝလီလက်ခစား အဆင့်တွင်သာ ရှိနေခြင်းနှင့် အထက်ဖော်ပြပါ စိန်ခေါ်ချက်များ ပေါ်ပေါက်နေသည့်တိုင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် လုပ်ငန်းအဖြစ် လတ်တလောဆက်လက် လက်ခံထားကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း အသေအချာ စိစစ်ခြင်းနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ်သို့ ကူးပြောင်းရန် တွန်းအားပေးရမည်ဖြစ်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲဥပဒေများ လိုက်နာတတ်သည့် တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်စေရေးအတွက်လည်း စနစ်တကျ ကွင်းဆင်း စစ်ဆေး

ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြစ်သော် လည်းကောင်း၊ ကျွမ်းကျင်ပညာရှင်များ စုဖွဲ့ထားသည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း ကွင်းဆင်းစစ်ဆေး မှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

## နိဂုံး

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးခဲ့သော မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းအောက် သို့မဟုတ် မြန်မာ ကျပ်ငွေ သန်း ၆၀၀၀ အောက် လုပ်ငန်းများသည် တိုင်း ဒေသကြီးနှင့်ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှု ကော်မတီများမှ အတည်ပြုမိန့်ဖြင့် လုပ်ငန်း လုပ်ဆောင်ခွင့်ပေးတော့မည် ဖြစ်ရာ CMP လုပ်ငန်းအများစုသည် အမေရိကန်ဒေါ်လာ ငါးသန်းအောက် လုပ်ငန်းများဖြစ်သည့်အတွက် တိုင်း ဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ (အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသ ကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီများ)အနေဖြင့် အထက် ဖော်ပြပါ လက်တွေ့စိန်ခေါ် ချက်များကို ဖြေလျော့၍ ဆွေးနွေးတင်ပြချက်ပါ တွန်းအားပေးမှုများကို တစ်နိုင်ငံ လုံးဟန်ချက်ညီလုပ်ဆောင်သွားကြရမည်လည်းဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ များသည် နိုင်ငံနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ် အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် ဝင်ပေါက် တံခါးများဖြစ်သည်နှင့်အညီ ညီမျှသော ခြေလှမ်းများဖြင့် စီးပွားရေးဦးတည်ချက် ၁၂ ရပ်နှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ များ ကိုင်ဆွဲလျက် ရင်းနှီးမြှုပ်နှံမှုဥပဒေပါပြဋ္ဌာန်းချက်များ နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ်သို့ တွန်းအားပေးလျက် သွက်လက် စွာဖြင့် ရှေ့တိုးလုပ်ဆောင်သွားကြရမည်သာဖြစ်သည်။

### ကျမ်းကိုးစာရင်း

(၁) နိုင်ငံခြားနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၂

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆

(၃) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ CMP လုပ်ငန်းဆိုင်ရာ အချက်အလက်များ

# ကျား/မတန်းတူညီမျှမှု၊ အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု



| ဒေါက်တာခိုင်ခိုင်ဝင်း |

ယခုဆယ်စုနှစ်များအတွင်း လူ့အခွင့်အရေး စကားလုံးများထဲမှ ခေတ်အစားဆုံးစကားပြောပါဆိုလျှင် ကျား/မ တန်းတူညီမျှရှိရေး (Gender Equality)ဟု ဆိုရမည်ဖြစ်သည်။ ကျား/မရေးရာ တန်းတူညီမျှတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ ရုပ်ပိုင်းဆိုင်ရာ ကွဲပြားခြားနားခြင်းကို အသိအမှတ်ပြုသော်လည်း အမျိုးသမီးများ ၎င်းတို့ဘဝထူထောင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးတို့တွင် အမျိုးသားများနှင့် တန်းတူညီမျှအခွင့်အရေးရရှိရေးနှင့် တူညီသောဂုဏ်သိက္ခာ ရရှိခံစားနိုင်ခွင့်ရှိရပါမည်။ Gender Equality ၏ သဘောတရားမှာ တန်းတူညီမျှရေးကို လူ့အခွင့်အရေး အမြင်ရှုထောင့်မှကြည့်ရန်ဖြစ်ပြီး လိင်ကွဲပြားမှု အခြေပြု၍ ခွဲခြားဆက်ဆံခံရခြင်းများမရှိစေရေးနှင့် အခွင့်အရေးများ ခံစားရရှိရေးတို့တွင် အမျိုးသမီးများအား ချန်လှပ်ထားခြင်းမျိုး မဖြစ်စေရေးဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများတွင် ကျား/မ တန်းတူညီမျှမှု၊ နိုင်ငံရေးတွင်အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အခွင့်အလမ်းများအား အမျိုးသားနည်းတူရရှိမှု၊ မိမိ၏တိုးတက်ရာ တိုးတက်ကြောင်း အမျိုးသမီးများ ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် အမျိုးသားများနည်းတူ အမျိုးသမီးများအားလည်း အခွင့်အလမ်းပေးအပ်မှု၊ ရာထူးတိုးမြှင့်ရာတွင်

အမျိုးသမီးများအား အမျိုးသားများနည်းတူ တူညီသော အခွင့်အလမ်းများဖြင့် စဉ်းစားပေးရေးနှင့် အဆင့်မြင့် ရာထူးနေရာများအတွက် ခန့်အပ်ခြင်းတွင် အမျိုးသမီးများ အား ထည့်သွင်းစဉ်းစားပေးစေလိုမှု၊ အမျိုးသမီးများအား လိင်ကွဲပြားမှုအပေါ် အခြေခံ၍ ခွဲခြား ဆက်ဆံခံရမှု၊ အကြမ်းဖက်မှုများ မရှိရေးစသည့်ဖြင့် ယနေ့ကမ္ဘာကြီးတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှမှုရှိရေးကို နေရာ အသီးသီး နယ်ပယ်အသီးသီးတွင် နှိုင်းယှဉ်ပြောဆိုလာ ကြပြီဖြစ်သည်။

ယခင်ကာလများအတွင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခံရခြင်းများ ရှိနေခဲ့သည်ကို ၁၉၇၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသမီး များအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပုံစံ အားလုံး ပပျောက်ရေး အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် CEDAW ထွက်ပေါ်လာခဲ့သည်ကိုကြည့်ခြင်းအားဖြင့် သိရှိ နိုင်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တွင် လူအချင်းချင်းခွဲခြားခြင်း မပြုဘဲ အခွင့်အရေးများကို တန်းတူ ခံစားနိုင်သည်ဟု ဖော်ပြထားသော်လည်း လိင် ကွဲပြားမှုအပေါ် အခြေပြုပြီး ကျား/မ တန်းတူညီမျှ အခွင့် အလမ်းရရှိမှုမရှိဘဲ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံ အကြမ်းဖက်မှုများ ရှိနေခြင်းကြောင့် အမျိုးသမီးအခွင့် အရေး ကာကွယ်ရန် သီးသန့်ဖော်ပြသော စာချုပ်လိုအပ် သည့်အတွက် CEDAW စာချုပ်ပေါ်ပေါက်လာရခြင်းဖြစ် ပါသည်။ အဆိုပါ စာချုပ်တွင် အမျိုးသမီးများ ခွဲခြား ဆက်ဆံမှု (Discrimination Against Women) ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ 'အမျိုး သမီးများ၏ အိမ်ထောင်ရေးအခြေအနေ မည်သို့ပင် ရှိစေကာမူ အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှမှုအပေါ် အခြေခံ၍ လူ့အခွင့်အရေးများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာ သို့မဟုတ် အခြား နယ်ပယ်တို့တွင် အမျိုးသမီးများအား အသိအမှတ်ပြုခြင်း ၊ အမျိုးသမီးများ ခံစားခွင့် သို့မဟုတ် ကျင့်သုံးပိုင်ခွင့်ရှိခြင်း တို့ကို လိင်အပေါ်အခြေခံ၍ ယိုယွင်းစေရန် သို့မဟုတ် ပျက်သုဉ်းစေရန် ရည်ရွယ်ချက်ရှိသည့် မည်သည့် ခွဲခြား ခြင်း တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကို ဆိုလိုသည်'။

အမျိုးသမီးများအမျိုးသားများနှင့် တန်းတူညီမျှ မရှိခြင်း၊ ဖိနှိပ်ခွဲခြားဆက်ဆံခံရခြင်းများသည် လူသား တို့၏ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုအပေါ် တန်ဖိုးထားမှု အား ချိုးဖောက်ခြင်းလည်း ဖြစ်ပါသည်။ အမျိုးသမီးများ သည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိခဲ့မှု၊ ခွဲခြားဆက်ဆံခံရခြင်းများ၊ လိင်ကွဲပြားမှု အပေါ်အခြေ ပြု၍ အကြမ်းဖက်ခံရခြင်းများရှိနေခဲ့သည့်အတွက် အဆို ပါ အပြည်ပြည်ဆိုင်ရာ စာချုပ်ကြီးတစ်ရပ် ထွက်ပေါ်လာ ပြီး နိုင်ငံအများမှ လက်မှတ်ရေးထိုးခြင်းဖြင့် စာချုပ်ကြီး အား ဥပဒေ အသက်ဝင်စေပြီး အမျိုးသမီးများအား အမျိုး သားများနည်းတူ တန်းတူအခွင့်အရေးရရှိနိုင်ရေး အစိုးရ ၏ ကတိကဝတ်တစ်ခု၊ ကြိုးပမ်းမှုတစ်ခု ဖြစ်စေခဲ့ပါသည်။ မြန်မာနိုင်ငံသည် အဆိုပါစာချုပ်ကြီး၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်မှ စတင်ဝင်ရောက်ပြီး အကျိုး ဆက်အဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ ပေါ်ပေါက်လာခြင်းနှင့် အခြားသော အမျိုး သမီးအဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး အမျိုးသမီးရေး ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

ယခင်ကာလများနှင့်နှိုင်းယှဉ်ကြည့်ပါက ကျား/မ တန်းတူညီမျှရှိမှုသည် ယနေ့ခေတ်တွင် အနည်းငယ် တိုး တက် ပြောင်းလဲလာသည်ကို တွေ့ရမှာဖြစ်ပါသည်။ ဥပမာ အားဖြင့် ၁၉၉၀ ပြည့်နှစ်များအတွင်း အာရှတိုက် တောင် ပိုင်းတွင် ယောက်ကျားလေး ၁၀၀ ဦးတိုင်းတွင် မိန်းကလေး ၇၄ ဦးသာ မူလတန်းပညာရေး ကျောင်းအပ်နှံမှုရှိသော် လည်း ၂၀၁၂ခုနှစ်တွင် ကျောင်းအပ်နှံမှုအချိုးမှာ မိန်း ကလေးများနှင့် ယောကျ်ားလေးများအတွက် အတူတူ ဖြစ်လာခဲ့သလို ကမ္ဘာ့နိုင်ငံ ၄၆ နိုင်ငံတွင် အမျိုးသား ပါလီမန်တွင် အနည်းဆုံး လွှတ်တော်တစ်ရပ်၌ အမျိုးသမီး အမတ်နေရာ ၃၀ ရာခိုင်နှုန်းကျော်ရှိလာပြီဖြစ်ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သောစာရင်းအရ သိရှိရပါသည်။ သို့သော်လည်း အဆင့်မြင့်ရာထူးနေရာများတွင် အမျိုး သမီးများ နည်းပါးခြင်း၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ် ငန်းစဉ်များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်နိုင်ခွင့် နည်းပါးခြင်းနှင့် အခြားသော စီးပွားရေး၊ အလုပ်သမား ရေးရာ ကိစ္စရပ်များတွင် အမျိုးသမီးများအား ခွဲခြား

ဆက်ခံခံရခြင်းများကမ္ဘာ့ နိုင်ငံအများအပြားတွင် ရှိနေသေးသည့်အတွက် အမျိုးသမီးအခွင့်အရေးအရေး လှုပ်ရှား ဆောင်ရွက်သူများက ကျား/မ တန်းတူညီမျှ အခွင့်အရေးရရှိရေး တောင်းဆိုနေကြဆဲဖြစ်ပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှု နောက်အကျဆုံးနိုင်ငံများတွင် အမျိုးသမီးများ ခွဲခြားဆက်ဆံခံရမှုနှင့် တန်းတူညီမျှမရှိမှုအများဆုံး ဖြစ်သည်ဟု လေ့လာတွေ့ရှိချက်များက ဆိုပါသည်။

လေ့လာမိသ၍ ဖော်ပြရမည်ဆိုပါက မြန်မာနိုင်ငံရှိအမျိုးသမီးများအတွက်(၂၀၀၈)ဖွဲ့စည်းပုံအခြေခံဥပဒေမှ အာမခံချက်ပေးထားသည်မှာ ပုဒ်မ ၃၄၈ တွင် အမျိုးသားအမျိုးသမီး ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရေး၊ ပုဒ်မ ၃၅၀တွင် အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသမီးများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်၊ ပုဒ်မ ၃၅၁ တွင် မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်၊ ပုဒ်မ ၃၅၂တွင် နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ၀န်ထမ်းရွေးချယ်ခန့်ထားရာတွင်ဖြစ်စေ သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံပါက အမျိုးသား အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရစသည်တို့ ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးအခန်း ကဏ္ဍမှေးမှိန်နေဆဲဖြစ်ပါသည်။ ကျား/မ တန်းတူညီမျှ အခွင့်အရေးရမရှိခြင်းကြောင့် ဖြစ်နိုင်သလို အမျိုးသမီးများ နိုင်ငံရေးတွင် စိတ်ပါ၀င်စားမှု အားနည်းမှုကြောင့်လည်းဖြစ်နိုင်ပါသည်။ လုပ်ပိုင်ခွင့်များ ပိုမိုရရှိရေး သည်လည်း အရေးပါသော အချက်တစ်ချက်အဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် ကျား/မ တန်းတူညီမျှမှုရှိရေး၏ အရေးပါပုံကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ မှ ကုလသမဂ္ဂအဖွဲ့၀င် နိုင်ငံများ၏ တညီတညွတ်တည်း သဘောတူညီမှုဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် 'စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်' (The 2030 Agenda for Sustainable Development) ကိုကြည့်ခြင်းဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါလမ်းစဉ်တွင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပေါင်း (Sustainable Development Goals, SDGs) (၁၇) ခုနှင့် ရည်မှန်းချက်ပေါင်း (၁၆၉) ခုပါရှိပါသည်။ အဆိုပါပန်းတိုင် (၁၇) ခု အနက် ကျား/မ တန်းတူညီမျှမှုရှိရေး (Gender Equality) သည် (၅) ခုမြောက် ပန်းတိုင်ဖြစ်ပါသည်။ ကမ္ဘာကြီးအတွက်၊ လူသားများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် ကျား/မ တန်းတူညီမျှမှုကို ဖယ်ရှားထားခဲ့၍ မရ၊ ကျား/မ တန်းတူ ညီမျှမှုနှင့်တူညီသော အခွင့်အလမ်း လုပ်ပိုင်ခွင့်များပေးအပ်ရေးစဉ်းစားဆောင်ရွက်ပေးမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

'စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ လုပ်ငန်းစဉ်' ပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များကို အကောင်အထည်ဖော်ရန်အတွက် ကမ္ဘာ့နိုင်ငံများ သည် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စီမံကိန်း၊ စီမံချက်များ အားအကောင် အထည် ဖော် ရေးဆွဲ ရတော့ မည်ဖြစ် သည်။ ထိုသို့ရေးဆွဲရာတွင် ပြည်သူလူထုကို ဦးစားပေးပြီး ပြည်သူလူထုဗဟိုပြု၊ လူ့အခွင့်အရေးအခြေပြု ချဉ်းကပ်မှု လမ်းစဉ်များဖြင့် ဖွံ့ဖြိုးရေးတွေကို ဆောင်ရွက်ရမှာဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းကိုသာ ပဓာနထားပြီး ပြည်သူလူထုကို ချန်ထားခဲ့ခြင်းမျိုး မဖြစ်စေရပါ။ ပြည်သူလူထု ဗဟိုပြုစီမံကိန်း၊ စီမံချက်များဖြင့်ဆောင်ရွက်သည့် အခါတွင်လည်း လူ့ အခွင့် အရေး၏ အခြေခံ သဘောတရားဖြစ်သော တန်းတူညီမျှမှုနှင့် တန်းတူညီမျှမှုဟုဆိုရာတွင်လည်း အမျိုးသား/ အမျိုးသမီး တန်းတူညီမျှမှုရှိရေးမှာ ယနေ့ကမ္ဘာကြီးက တောင်းဆိုနေသော အရေးကြီးသော အချက်တစ်ချက် ဖြစ်ပါသည်။ အမျိုးသား/အမျိုးသမီး တန်းတူညီမျှမှုရှိရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသလို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိလိုပါက အမျိုးသား/အမျိုးသမီး တန်းတူညီမျှ အခွင့်အရေး၊ လုပ်ပိုင်ခွင့်များပေးအပ်မှသာ ပန်းတိုင်များဆီ အရောက်လှမ်းနိုင်မှာ ဖြစ်ပါသည်။

■



## စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်

# ကမ္ဘာ့လူဦးရေနေ့

| မယု (စက်မှု) |

ကမ္ဘာ့လူဦးရေသည် ၁၉၀၀ ပြည့်နှစ်တွင် သန်း ၁၅၀၀ ခန့်မှ ၂၀၀၀ ပြည့်နှစ်တွင် သန်း ၃၀၀၀ သို့ လည်းကောင်း၊ လက်ရှိအခြေအနေတွင် ၇ . ၅ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၈ ဘီလီယံကျော်၊ ၂၁၀၀ ပြည့်နှစ်တွင် လူဦးရေ ၁၁. ၂ ဘီလီယံအထိ တိုးလာမည်ဟု ကမ္ဘာ့ကုလသမဂ္ဂမှ ခန့်မှန်းထားပါသည်။ လူဦးရေအဆမတန် တိုးပွားလာမှုသည် လူသားများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် စားဝတ်နေရေး အခက် အခဲများ၊ စိုက်ပျိုးမြေ အခက်အခဲများ၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ယိုယွင်းမှုများကို ရင်ဆိုင်ရမည် ဖြစ်သလို တစ်ဖက်တွင် လူဦးရေတိုးပွားမှုမှတစ်ဆင့် လုပ်သား အင်အား ကြီးထွားမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုစေမည် ဖြစ်သဖြင့် ကောင်းကျိုး၊ ဆိုးကျိုးအဖြာဖြာ ဝိရောဓိများကို ကြုံတွေ့ရမည်ဖြစ်သည်။

လူဦးရေတိုးပွားလာခြင်းနှင့်အတူ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်(၃)ဖြစ်သည့် အသက်အရွယ်မရွေး လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေးနှင့် ပန်းတိုင်(၄)ဖြစ်သည့် လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးတို့သည် အခြေခံ အရေးကြီးသည့် ဆောင်ရွက်ရမည့် ကိစ္စများပင်ဖြစ်သည်။ လူဦးရေတိုးပွားခြင်း၏ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ၁၉၈၉ ခုနှစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ အုပ်ချုပ်ရေးကောင်စီ အကြံပြုချက်နှင့်အတူ လူဦးရေဆိုင်ရာ ကိစ္စရပ်များ၏ အရေးကြီးမှုနှင့် အရေးပါမှုတို့အပေါ် ကမ္ဘာသူ၊ ကမ္ဘာသားများမှ ပိုမို၍ အာရုံစူးစိုက်လာစေရန်နှင့် ကမ္ဘာ့လူဦးရေ သန်း(၅၀၀၀) ပြည့်သည့် ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် **ကမ္ဘာ့လူဦးရေနေ့**အဖြစ် သတ်မှတ် ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ် အထိမ်းအမှတ်ဆောင်ပုဒ်များ ချမှတ်ပြီး အခမ်းအနားများဖြင့် ဂုဏ်ပြု ကျင်းပလျက်ရှိပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်အဖြစ် **"Family Planning: Empowing People, Developing Nation"**

**"မိသားစုစီမံကိန်းများမှတစ်ဆင့် လူသားတို့၏ဘဝကို အားပေးမြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဆီသို့"** ဟူ၍ **ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)** မှ သတ်မှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ ကမ္ဘာ ပေါ်ရှိ လူသားတိုင်း (အထူးသဖြင့် အမျိုးသမီးများ) ဆင်းရဲနွမ်းပါးမှုသံသရာမှ လွတ်မြောက်ရန်၊ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် မိသားစုစီမံကိန်းသည် အရေးကြီးကြောင်း ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုး ပြထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် မိသားစု စီမံကိန်းများမှသည် ၂၀၂၀ ခုနှစ်တွင် ထပ်မံ တိုးပွားလာမည့် အမျိုးသမီးဦးရေ သန်းပေါင်း ၁၂၀ အတွက် လုံခြုံစိတ်ချစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့တွင် အမျိုးသမီးများ၏ ဘဝကို အားပေး မြှင့်တင်ခြင်းနှင့် ကမ္ဘာ့လုံးဆိုင်ရာ ဂုဏ်သိက္ခာ တစ်ခုလုံးအတွက် ဒုတိယအကြိမ်မြောက် မိသားစုစီမံကိန်း ညီလာခံကြီးကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

မိသားစုစီမံကိန်းသည် နိုင်ငံတိုင်း၏ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း ကမ္ဘာ့ ခေါင်းဆောင်များမှ ခံယူချက်များနှင့်အညီ အဆိုပါ ညီလာခံကြီးကို UNFPA, the United Kingdom နှင့် the Bill & Melinda Gates ဖောင်ဒေးရှင်းတို့မှ ကြီးမှူး၍ ကျင်းပ ခဲ့ပြီး မည်ကဲ့သို့သော မိသားစုစီမံကိန်းများသည် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုး ဖြည့်ဆည်းပေးနိုင် မည်ကို အဓိက ဦးတည်၍ ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ညီလာခံကြီးမှတစ်ဆင့် လူသားတို့၏ အသက်ရှင် ရပ်တည်ရေး၊ မိသားစုများအတွင်း ပျော်ရွှင်ဖွယ် ကောင်းမွန်သည့် လူနေမှုဘဝကို ဖန်တီးနိုင်ရေး၊ မျိုးဆက်ပြန့်ပွားရေးတွင် မှန်ကန်သော ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်နိုင်ရေးနှင့် ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးတို့တွင် အားပေးမြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စီးပွားရေးကို တွန်းအားပေးနိုင်မည် ဖြစ်ပြီး မိမိတို့၏ ကလေးများအတွက် ကျန်းမာရေးနှင့် ပညာရေးတို့တွင် ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကာ လူမှု အသိုက်အဝန်းအတွင်း ကျန်းမာချမ်းသာစွာ နေထိုင်နိုင် မည် ဖြစ်သည်။ ထိုမှ တစ်ဆင့် စီးပွားရေးအားကောင်း လာမှုနှင့်အတူ နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု အရှိန် အဟုန်သည်လည်း လိုက်ပါ၍ တိုးတက်လာစေမည် ဖြစ် သည်။

ကမ္ဘာပေါ်တွင် အမျိုးသမီး ၂၂၅ သန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပြီး မျိုးဆက်ပွားရေးနှင့် ကျန်းမာရေးကိစ္စများတွင် မျက်မှောက်ခေတ်နှင့်အညီ ဗဟုသုတ၊ အသိပညာ၊ နည်းပညာများ မပြည့်ဝသည့် အတွက် နှစ်စဉ် အမျိုးသမီးငယ် ၇၀,၀၀၀ ခန့်သည် သေဆုံး လျက် ရှိနေပါသည်။ ထို့အပြင် ၂၄ သန်းခန့်သော အမျိုး သမီးငယ်များသည် ကိုယ်ဝန်ဖျက်ချမှုကြောင့် နှစ်စဉ် အမျိုးသမီးငယ် ငါးသိန်းခန့် အသက်ဆုံးရှုံးလျက် ရှိပါ သည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် ဆယ်ကျော်သက် အမျိုးသမီးငယ်များသည် စိန်ခေါ်မှုမျိုးစုံဖြစ်သည့် အရွယ် မတိုင်မီ လက်ထပ် ထိမ်းမြားခြင်း၊ အရွယ်မတိုင်မီ ကလေး မွေးဖွားခြင်း၊ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများနှင့် ရင်ဆိုင်နေရပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍတို့တွင် မိမိနှင့် ရွယ်တူ အမျိုးသားများထက် နိမ့်ပါးနေသေးသည့် အမျိုးသမီးငယ်များ၏ ဘဝကို မြှင့် တင်နိုင်ရန် အထူးလိုအပ်လာပါသည်။ အထူးသဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စတင် အသက်ဝင်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်(၅) ဖြစ်သည့် ကျားမ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ် များ၏ စွမ်းပကား မြှင့်တင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ရာ အမျိုးသမီးများနှင့် အမျိုး သမီးငယ်များအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ အကြမ်း ဖက်မှု ပပျောက်ရေး၊ အရွယ်မတိုင်မီ လက်ထပ်စေမှုနှင့် အတင်းအဓမ္မ လက်ထပ်စေမှု မရှိစေရေး၊ အမျိုးသမီးများ နှင့် အမျိုးသမီးငယ်များအား မူဝါဒများ၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကိစ္စရပ်များတွင် ပါဝင်စေရေး၊ လုပ်သားထုတွင် အမျိုးသမီးလုပ်သားထု ပိုမိုပါဝင်လာစေရေး၊ သတင်း အချက်အလက်နှင့် နည်းပညာရပ်ဝန်း ကဏ္ဍတို့တွင် အလေးထား မြှင့်တင် ဆောင်ရွက်ပေးသွားကြရမည် ဖြစ် သည်။

ကွန်မတို့နိုင်ငံ၏ ၂၀၁၄ ခုနှစ် အိမ်အကြောင်း

အရာနှင့် လူဦးရေသန်းခေါင်စာရင်းအရ အသက် ၁၅-၁၉ နှစ်အုပ်စုတွင် အမျိုးသမီး ၂.၂ သန်းရှိပြီး ၁၃.၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ စောစီးစွာ မိခင်ဘ၀ ရောက်ရှိခြင်းနှင့်အတူ အခြေအနေအရသော်လည်း ကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်းကောင်း၊ အနာဂတ်မျှော်လင့်ချက်များ ဆုံးရှုံးပြီး ပညာရေး ခရီးလမ်းကို ကျောခိုင်းခဲ့ကြရပါသည်။ ကျောင်းထွက်စောမှု၏ အကျိုးဆက်ကြောင့် ပညာရေးနိမ့်ကျမှုနှင့်အတူ ကျန်းမာရေး၊ လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိမှု အားနည်းခြင်းများ ပိုမို၍ ကြုံတွေ့နေရပါသည်။ သို့ပါ၍ ပညာရေးကဏ္ဍအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၄)ဖြစ်သည့် လူသားအားလုံး အကျုံးဝင်စေပြီး ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာ သင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် ကျွန်မတို့နိုင်ငံအနေဖြင့် ကောင်းမွန်သော မိသားစုစီမံကိန်းများဖြင့် ဦးတည်ကြိုးပမ်း ပုံဖော်သွားရမည် ဖြစ်သည်။

ဆင်းရဲနွမ်းပါးမှုသည် တိုးတက်လာသည့် နိုင်ငံ့လူဦးရေအပေါ်တွင်များစွာ မူတည်နေသော်လည်း ပန်းတိုင်(၄)ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်နိုင်ပါက အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပေါ်ထွန်းလာမည်ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။ ဥပမာအနေဖြင့် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကမ္ဘာ့ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်နေသည်ကို အထင်အရှား တွေ့မြင်နိုင်ပေသည်။ အဆိုပါအချက်ကို အခြေခံ၍ လူဦးရေတိုးပွားနှုန်းကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် အဆိုပါ နိုင်ငံများအပေါ် အတုယူပြီး ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ သို့ပါ၍ လူဦးရေတိုးတက်နှုန်းမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုသံသရာမှ လွတ်ကင်းရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်(၁)၏ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိနေရာဒေသအားလုံးတွင် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်စေရေးဟူသည့် ပန်းတိုင်သို့ ရောက်ရှိရန် ခရီးနှင် ချီတက်သွားရမည် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင် မိခင်ပေါင်း (၉) သိန်းကျော်တွင် မွေးဖွားမှုပြဿနာကြောင့် သေဆုံးခဲ့ရသည့် မိခင်(၂၀၀၀)ကျော်ခန့်တွင် ဆယ်ကျော်သက် မိန်းကလေးများ အများအပြား ပါဝင်နေသည်ကို သိရှိရပါသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးငယ်များအတွက် **မျိုးဆက်ပွား(သားဆက်ခြား) ကျန်းမာရေးဆိုင်ရာ အသိပညာ**၊ **ဗဟုသုတ**၊ **အလေ့အထများနှင့် သတင်းအချက်အလက် ဝန်ဆောင်မှုများ**တွင် ရင်းနှီးမြှုပ်နှံပေးရန် လိုအပ်ပါသည်။ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (၃) ဖြစ်သည့် အသက်အရွယ်မရွေး လူတိုင်းစေ့ ကျန်းမာရေးနှင့် သာယာဝပြောရေး ဟူသည့် ပန်းတိုင်ကို ကျန်းမာရေးဝန်ကြီးဌာန၏ **လူတိုင်းလက်လှမ်းမီသော ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး (Universal Health Coverage)** ဟူသည့် ပန်းတိုင်နှင့်အပြိုင် မျှော်မှန်းနိုင်မည် ဖြစ်သည်။

ကမ္ဘာ့အနှံ့အပြားတွင် ကြုံတွေ့နေရသည့် နိုင်ငံရေး ပဋိပက္ခများ၊ အငြင်းပွားမှုများ၊ စစ်ဘေး၊ သဘာဝဘေးများနှင့်အတူ လူဦးရေသန်း(၆၀)ခန့်သည် မိမိတို့၏ အိုးအိမ်များကို စွန့်ခွာခဲ့ရပြီး၊ အဆိုပါလူဦးရေများအနက် ဆယ်ကျော်သက်အမျိုးသမီးငယ် အများအပြား ပါဝင်နေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသမီးငယ်များသည် နှိပ်စက်ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ အကြမ်းဖက်ခံရခြင်း၊ သက်ငယ်မုဒိန်းမှုများကို ယနေ့မျက်မှောက်ခေတ်တွင် ပိုမိုရင်ဆိုင်ကြုံတွေ့လာနေရပါသည်။ သို့ပါ၍ အမျိုးသမီးငယ်များ၏ လူ့အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေရန် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ **သတင်းအချက်အလက် နည်းပညာအပိုင်း**ကို ပိုမိုရင်းနှီးပံ့ပိုးပေးရန်လည်း အလွန်အရေးကြီးလှပါသည်။

သို့ပါ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များသို့ အောင်မြင်စွာ အရောက်လှမ်းနိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ ဆန်းသစ်တီထွင်နိုင်သော မိသားစုစီမံကိန်းများဖြင့် အနာဂတ်ကမ္ဘာကြီး ရေရှည် တည်တံ့စေရေးအတွက် ဝိုင်းဝန်းချယ်မှုန်းပေးကြပါဟု တိုက်တွန်းရေးသား လိုက်ရပါသည်။



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏
# စီမံကိန်းရေးဆွဲခြင်းစနစ်အကြောင်း
## တစေ့တစောင်း

ဇော်မျိုးထက်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းစနစ်**

နိုင်ငံတစ်နိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းစနစ်သည် နိုင်ငံတစ်ဝန်း ဒေသအသီးသီးစနစ်တကျ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မရှိမဖြစ် လိုအပ်သော စနစ်တစ်ခုဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီမံကိန်း ရေးဆွဲခြင်းစနစ်ကို လေ့လာရာတွင် ရေးဆွဲထားသောစီမံကိန်းအမျိုးအစားတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်မှု၊ စီမံကိန်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Top-down စီမံကိန်းရေးဆွဲခြင်းစနစ်နှင့် စီမံကိန်းအာဏာခွဲဝေမှု၊ ပြည်သူလူထု ပါဝင်နိုင်မှု စသည်တို့အပေါ် အခြေခံ၍ လေ့လာနိုင်ပါသည်။ အထက်ဖော်ပြပါ အချက်များအပေါ် အခြေခံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းစနစ်ကို လေ့လာတင်ပြထားပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံရေးအရ ကွန်မြူနစ်စနစ်ကို ကျင့်သုံးသော်လည်း ၎င်း၏ စီမံကိန်း ရေးဆွဲခြင်းစနစ်သည် ဥရောပနိုင်ငံများ၏ စီမံကိန်းရေးဆွဲခြင်းစနစ်နှင့် များစွာ တူညီမှုရှိပါသည်။ သို့သော် စီမံကိန်း ရေးဆွဲခြင်းစနစ်တစ်ခုလုံးအား အစိုးရကသာ ချုပ်ကိုင် ထားဆဲဖြစ်ပြီး ပြည်သူလူထုပါဝင်နိုင်မှု အခွင့်အရေး နည်းပါလှသည်။

## စီမံကိန်းအမျိုးအစား (၃)မျိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အဓိကအားဖြင့် စီမံကိန်းအမျိုးအစား (၃)မျိုးရှိပြီး ၎င်းတို့မှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်း (Five-Year Socioeconomic Development Plan)၊ မြေယာ အသုံးချမှု စီမံကိန်း (Land Use Plan)၊ မြို့ပြစီမံကိန်းများ (Urban Plan Series) တို့ဖြစ်ပါသည်။ ယင်းစီမံကိန်းအမျိုးအစား (၃)မျိုးကို ဝန်ကြီးဌာနကြီး (၃)ခုက အသီးသီး ရေးဆွဲကြသော်လည်း စီမံကိန်းအမျိုးအစား တစ်ခုနှင့် တစ်ခု ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါသည်။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံကိန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင် ပြောင်းလဲရေး ကော်မရှင် (National Development and Reform Commission) က ရေးဆွဲပြီး နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်များတွင် ရေးဆွဲသော မဟာဗျူဟာစီမံကိန်း အမျိုးအစား ဖြစ်သည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းစနစ်အတွင်း အမြင့်ဆုံးသော စီမံကိန်းအမျိုးအစားဖြစ်ပါသည်။ ယင်းစီမံကိန်းတွင် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး၊ မြေအသုံးချမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအပြင် အခြားလူမှုရေးဆိုင်ရာ ရည်မှန်းချက်များနှင့် လမ်းညွှန်ချက်များ ပါဝင်ပြီး အခြားစီမံကိန်းအမျိုးအစား နှစ်ခုအတွက်လည်း လမ်းညွှန်ချက်များ ပါဝင်သည်။

မြေယာအသုံးချမှုစီမံကိန်းကို မြေယာနှင့် သဘာဝ အရင်းအမြစ်ဝန်ကြီးဌာန (Ministry of Land and Resource) က တာဝန်ယူရေးဆွဲသည်။ ယင်းစီမံကိန်းတွင် မြို့ပြမြေ၊ စိုက်ပျိုးမြေနှင့် မြစ်ချောင်း၊ တောင်တန်းစသည့် သဘာဝမြေများကဲ့သို့သော မြေယာအရင်းအမြစ်များ ခွဲဝေ သုံးစွဲရေး ရည်မှန်းချက်များပါဝင်သည်။

မြို့ပြစီမံကိန်းများ အမျိုးအစားတွင် မြို့ပြမာစတာပလန် (Urban Master Plan) နှင့် အသေးစိတ်စီမံကိန်း (Detailed Plan)တို့ ပါဝင်ပြီး မြို့ပြမြေယာ အသုံးချမှုအတွက် ရည်ရွယ်ရေးဆွဲသည်။ ယင်းစီမံကိန်းများသည် မြို့ပြအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက် ပတ်သက်လျက်ရှိသည်။ မြို့ပြမာစတာပလန် (Urban Master Plan)သည် သက်ဆိုင်ရာမြို့ပြ၏ ဖွံ့ဖြိုးမှု ရည်မှန်းချက်များ၊ လူဦးရေတိုးတက်မှု၊ အခြေခံအဆောက်အအုံတည်ရှိမှုနှင့် မြို့ပြမြေယာ အသုံးချမှု ယေဘုယျ လမ်းညွှန်ချက်များကို သတ်မှတ်ပေးသည်။ ထို့နောက် အသေးစိတ်စီမံကိန်း (Detailed Plan)များကို မြို့ပြမာစတာပလန် (Urban Master Plan)က ဖော်ပြထားသော ရည်မှန်းချက်များအပေါ် အခြေခံ၍ ရေးဆွဲပါသည်။ ထို့အပြင် အဆိုပြုတင်ပြလာသည့် လုပ်ငန်း စီမံကိန်း အားလုံးကို ရေးဆွဲထားသော မြို့ပြမာစတာပလန်နှင့် လိုက်လျောညီထွေ ဖြစ်စေရေး အထောက်အကူပြုနိုင်ရန် မြို့ပြစီမံကိန်းဥပဒေ (Town Planning Act) ကို ၁၉၉၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရဒေသ စီမံကိန်းအာဏာပိုင်အဖွဲ့သည် အဆိုပြုတင်ပြလာသည့် လုပ်ငန်းစီမံကိန်းများကို အသေးစိတ်စီမံကိန်းတွင် ရေးဆွဲဖော်ပြထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ဆုံးဖြတ်သည်။

## စီမံကိန်းများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

စီမံကိန်းစနစ်တစ်ခုတွင် ရေးဆွဲထားသော စီမံကိန်း များအတိုင်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် စီမံကိန်းအရထိန်းချုပ်မှုစနစ် (Development Control) တစ်ခု တည်ထောင်ထားရန် လိုအပ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းစီမံကိန်း ဆောင်ရွက်ရေးအတွက် တရားဝင်ခွင့်ပြုချက် ရယူခြင်းမရှိဘဲ မြေယာရယူမှုကို ၁၉၈၆ မြေယာစီမံခန့်ခွဲမှုဥပဒေအရ တားမြစ်ထားပြီး ခွင့်ပြုချက်ရရှိခြင်းမရှိဘဲ လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်နိုင်ခြင်းလည်းမရှိပေ။

တရုတ်နိုင်ငံ၏ ခွင့်ပြုမိန့်ရယူသည့်စနစ်တွင် အစီရင်ခံစာ (Report)တစ်ခုနှင့် ခွင့်ပြုမိန့် (Permit)နှစ်ခု တို့ပါဝင်ပြီး အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်သည်။ ပထမအဆင့်အနေဖြင့် လုပ်ငန်းစီမံကိန်းအတွက် အသုံးပြုမည့် မြေသည် သက်ဆိုင်ရာမြို့အတွက် ရေးဆွဲထားသော မြို့ပြစီမံကိန်းနှင့် ညီညွတ်မှု ရှိ/မရှိကို ယင်းမြို့၏ စီမံကိန်း အာဏာပိုင် အဖွဲ့အစည်း (Planning Authority)က စိစစ်ပြီး ညီညွတ်မှုရှိပါက မြေနေရာရွေးချယ်မှုအစီရင်ခံစာ

(Site Selection Report) ကို ထုတ်ပေးသည်။ ထို့နောက် မြေအသုံးချမှုခွင့်ပြုမိန့် (Land Use Planning Permit) ရရှိရေးအတွက် ဆက်လက်လျှောက်ထားရသည်။ မြေအသုံးချမှုခွင့်ပြုမိန့်ရရှိပြီးနောက်တွင် ဆောက်လုပ်ရေး စီမံကိန်းခွင့်ပြုမိန့် (Construction Project Planning Permit) ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားရပါသည်။ ယင်းခွင့်ပြုချက် အသီးသီး ရရှိပြီးမှသာလျှင် သက်ဆိုင်ရာလုပ်ငန်းစီမံကိန်းကို စတင်နိုင်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်းစနစ်သည် စီမံကိန်းခွင့်ပြုမိန့် အဆင့်ဆင့်ကို စိစစ်ထုတ်ပေးခြင်းဖြင့် သက်ဆိုင်ရာဒေသတွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အသီးသီးအား ရေးဆွဲထားသော စီမံကိန်းများ အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ထိန်းချုပ်ပေးလျက်ရှိ သည်။

## Top-down စီမံကိန်းရေးဆွဲခြင်းစနစ်နှင့် စီမံကိန်းအာဏာခွဲဝေမှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ရေးဆွဲထားသော စီမံကိန်းအမျိုးအစားများအကြား အချိတ်အဆက် ပိုမိုရှိစေရေးအတွက် Top-down စီမံကိန်းရေးဆွဲခြင်းစနစ်ကို ကျင့်သုံးလျက် ရှိပြီး တစ်ချိန်တည်းမှာပင် စီမံကိန်းအာဏာကို ဘဏ္ဍာရေးဆိုင်ရာ ဗဟိုထိန်းချုပ်မှု လျော့ချခြင်းနှင့်အတူ အောက်ခြေအဆင့်အထိခွဲဝေပေးထားသည်။ မြူနီစီပယ်ဒေသတစ်ခုသည် ၎င်း၏ စီမံကိန်း အသုံးစရိတ်များအတွက် ရငွေကို ရှာဖွေပြီး စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ကိုယ်ပိုင် ချမှတ်နိုင်ခွင့်ရှိသည်။ ထို့အပြင် ဒေသစီမံကိန်းအဖွဲ့များ၏ စီမံကိန်းအရ ထိန်းချုပ်ခြင်းစနစ် (Development Control)ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြို့ပြစီမံကိန်းဥပဒေက အထောက်အကူပြုလျက်ရှိသည်။

## ပြည်သူလူထုပါဝင်နိုင်မှု

တရုတ်ပြည်သူ့သမ္မတိုင်ငံ၏ Top-down စီမံကိန်းရေးဆွဲခြင်းစနစ်တွင် ပြည်သူလူထု အပြည့်အဝပါဝင်နိုင်ခြင်းမရှိဘဲ စီမံကိန်းရေးဆွဲခြင်းကို အစိုးရဌာနများအချင်းချင်းသာ ညှိနှိုင်း ဆောင်ရွက်သည်။ အနောက်ဥရောပနိုင်ငံများ၏ စီမံကိန်းရေးဆွဲခြင်းစနစ်တွင် ပြည်သူလူထုပါဝင်နိုင်မှုသည် မျှတသော စီမံကိန်းစနစ် ပေါ်ထွက်လာရေးအတွက် အရေးကြီးသော်လည်း တရုတ်နိုင်ငံအတွက်မူ မျှတသောစီမံကိန်းစနစ် ဖြစ်ပေါ်ရေးအတွက် ဗဟိုထိန်းချုပ်မှုမှတစ်ဆင့် ဖော်ဆောင်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီမံကိန်းစနစ်တွင် အစိုးရကသာ အဓိကချုပ်ကိုင်ထားသော်လည်း အချို့ဒေသဆိုင်ရာ အစိုးရများအနေဖြင့် ပြည်သူလူထုပါဝင်နိုင်မှုကို တိုးမြှင့်နိုင်ရန်အတွက် စီမံကိန်းပြခန်းများ တည်ထောင်ခြင်း၊ ကျွမ်းကျင်သူဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို စတင်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသေးစိတ်စီမံကိန်းများ ရေးဆွဲရာတွင်လည်း ပြည်သူသို့ အသိပေးခြင်း (Publicity Reveal) အစီအစဉ် တစ်ရပ်ထားရှိသည်။ ယင်းအစီအစဉ်အရ ရေးဆွဲထားသည့် စီမံကိန်းများကို ပြည်သူလူထုထံ အသိပေးအကြံဉာဏ်တောင်းခံပြီး ပြည်သူလူထု၏ အကြံပြုချက်များအရ စီမံကိန်းများကို ပြန်လည်ပြင်ဆင်ရေးဆွဲသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဗဟိုစီမံကိန်းချ စီးပွားရေးစနစ်မှ နိုင်ငံပိုင်နှင့် ပုဂ္ဂလိပိုင် ရောပြွမ်းစီးပွားရေးစနစ်သို့ ပြောင်းလဲလာခြင်းနှင့်အတူ စီမံကိန်းရေးဆွဲခြင်းစနစ်သည်လည်း ပြောင်းလဲမှုများရှိလာသည်ကို တွေ့ရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေး တိုးတက်လာမှု အတူဖြစ်ပေါ်လာသော မြို့ပြမြေအသုံးချမှု ရာသီဥတုပြောင်းလဲမှုနှင့် အခြားမြို့ပြ လူမှုရေးပြဿနာများကို ထိထိရောက်ရောက် စီမံထိန်းချုပ်နိုင်ရန်အတွက် အသေးစိတ်စီမံကိန်း ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတင်ပြအပ်ပါသည်။

■



# ကျမဘယ်သူလဲ
# WHO AM I?

| နှင်းသန့်ဖြူ (CSO) |

ကျွန်မသည် "Stakeholders" ဟူသော စကားလုံး ကို စ၍ တွေ့မြင်ပတ်သက်ရသော အချိန်တွင် ‘စီးပွားရေး လုပ်ငန်းများတွင် အစုရှယ်ယာပါဝင်ပတ်သက်သူများ’ ဟုလည်းကောင်း၊ "Mission" ဟူသော စကားလုံးကို ရုပ်ရှင် မင်းသားတွမ်ခရု၏ ဇာတ်ကားများ ဖြစ်သော "Mission Impossible"နှင့် တွဲလျက် ‘အထူးတာဝန်ပေးအပ်ခြင်း ခံရ သူ (သို့မဟုတ်) သာသနာပြုအဖွဲ့’ဟုလည်းကောင်း မှတ်သားခဲ့သူဖြစ် သည်။ KDI School တွင် Public Policy Analysis (PPA) ဘာသာရပ်ကို သင်ယူရသည့် အခါ ခံယူထားသည့် တာဝန်အားတင်ပြခြင်း (Mission Statement) ဟူသည့် Assignment ပေးခြင်း ခံရတော့သည်။ ထိုသို့ မှတ် သားထားခဲ့သော ကျွန်မအား ဒီအိမ်စာက ဒီအိမ်စာထဲမှာပါတဲ့ စကားလုံးတွေ အကြောင်းကို ထဲထဲဝင်ဝင် စဉ်းစား မိအောင်၊ ကျကျနနနားလည်အောင် စဉ်းစားစေတော့ သည်။ သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ် နဖူးပေါ် လက် တင်၍ "My Stakeholders & Mission" ၏ ဆက်နွယ်ပုံကို တွေးတောရတော့သည်။ မစဉ်းစားလို့လည်းမရ Assignment တင်မှ စာမေးပွဲအောင်ဖို့ အထောက်အကူဖြစ်မည်ဖြစ် သည်။ တစ်သက်နဲ့တစ်ကိုယ် ငါဘာစီးပွားရေးလုပ်ပြီး ဘယ်ကုမ္ပဏီထောင်ခဲ့၍ ဒီလို "Stakeholders" နဲ့ ပတ် သက်ခဲ့မိပါလိမ့်ဟုလည်း ရယ်ရွှင်ဖွယ်တွေးမိပြီး ပြုံးခဲ့မိ သည်။

သို့နှင့် လွန်စွာအရည်အသွေးပြည့်ဝလှသော ဆရာ့ရဲ့ သင်ကြားခြင်းနောက်က ဆရာ့ အာဘော်များကို မိအောင် ဟပ်ထိုးလိုက်လေ့လာရင်း မိမိရဲ့ ထိုးထွင်းဉာဏ် (Creative Thinking) ကို နှိုးဆွရ၏။ အပြည်ပြည်ဆိုင်ရာ ကျောင်းသားများကြား ကျွန်မကိုယ်ကျွန်မ အားမလိုအားမရဖြစ်ရသည်။ မဝံ့မရဲ အားငယ်ရသည်မှာလည်း

အခါခါပင်။ သူများတကာတွေ Concept မိသည့်အချိန်ထိ ကျွန်မမှာတော့ ချိတ်ဆက် စဉ်းစားနေရသည်မှာ မပြီးနိုင် မစီးနိုင်။ ဒီဘာသာရပ်တွင်မှမဟုတ် အခြားဘာသာရပ်များတွင်လည်း ဤအတိုင်း ဤသို့ပင် ကြာညောင်းမြဲ။ တကယ့်တကယ် နိုင်ငံရပ်ခြား၌ ဘွဲ့တစ်ခုရရန် ရုန်းကန်ရာ၌ ကိုယ်သူ့မကယ်နိုင် သူကိုယ့် မကယ်နိုင် ကိုယ့်အားကိုယ်သာ ကိုးရသည်ပင်။ စိတ်အား ရုပ်အားကြံ့ခိုင်မှုသည် တစ်ပြည်ရပ်ခြား၌ လွန်စွာအရေးကြီးလှသည်။ မကြံ့ခိုင်ပါက အရာရာအနုတ်ပြ အရှုံးရသည်သာ။ ဉာဏ်ကောင်းလှသော PPA ဆရာ ( Geneous Professor) မှလည်း အခြားသူဆီမှ မှိုင်ငြိမ်းသမှုပြုလာသော အိမ်စာများအား သူကသိပြန်သည်ဆို၏။ ထိုသို့သော အိမ်စာများအား Grade မပေးဟု ဆိုလာသော် အခြားသူဆီမှ ကူးယူကျင့်မရှိသော်ငြား နဂိုအားငယ်ရသော ကျွန်မမှာ မျက်စိသူငယ်ဖြစ်ရပြန်ကာ မေးလာသောမေးခွန်းများအား မိမိစိတ်ကူးဖြင့် တစိမ့်စိမ့်တွေးကာ ဖန်းတီးရပေတော့သည်။


ဆရာသည် ကျောင်းသားများအပေါ် အကဲဖြတ်စနစ်၌ ဘက်စုံစနစ် (360 Degree System) ကို သုံးသည်ဟု ယူဆပါသည်။ စာသင်ချိန်တစ်ချိန်ပြီးလျှင် ထိုသင်ခန်းစာအတွက် မိမိနားလည်မှတ်ယူလိုက်သည်ကို အနည်းဆုံး ဝါကျတစ်ကြောင်း၊ အများဆုံးဝါကျ ငါးကြောင်းလောက်ဖြင့် ထိုနေ့ည သန်းခေါင်မတိုင်ခင် နောက်ဆုံးထား၍ Class Assistant (CA) ထံ Email ဖြင့် ပေးပို့ရသည်။ သင်ခန်းစာပို့ချစဉ်အတွင်း ပါဝင်ဆွေးနွေးမှု၊ မေးခွန်းမေးမြန်းမှုများ (class participants) ကိုလည်း အမှတ်ပေးခြင်း၊ အတန်းခေါ်ချိန် (class attendance) စစ်ခြင်း၊ Group Presentation လုပ်ရာတွင်လည်း PPT Slide တစ်ခုတည်းသာ ဖန်တီးရခြင်း၊ သို့သော် ပါဝင်သူ Group member အားလုံး ကိုယ့်အပိုင်းနှင့်ကိုယ် အချိန်အတိအကျ ရှင်းလင်းတင်ပြရခြင်း အစရှိသည့် ဘက်စုံလေ့ကျင့်မှုများဖြင့် အကဲဖြတ်ခြင်းဖြစ်သည်။ အချို့ ကျောင်းသားများသည် အလွန်တတ်သိနားလည်လျှင် အချိန်ကိုမလေးစားဘဲ နောက်အဖွဲ့၏ အချိန်အား သုံးစွဲကာ မရပ်မနားတင်ပြလေ့ရှိသည့် ကိုမိုက်ခဲ၊ မမိုက်ခဲများရှိရာ သတ်မှတ်ချိန် အတွင်း လိုအပ်သည်များကို ထိထိရောက်ရောက် ထုတ်ဖော်ပြောကြားတတ်ရန် ဤသို့ စည်းကမ်းသတ်မှတ်ခြင်း ဖြစ်သည် ထင်ပါသည်။ Format အတိအကျသတ်မှတ်ထားသော Assignment ကိုလည်း ဆရာ့ထံသို့ သတ်မှတ်ချိန်အတွင်း အီးမေးလ်ဖြင့်ပေးပို့ရသည်။ ဆရာမှ လိုအပ်ချက်များကို Comments ဖြင့် ပြန်လည်ပေးပို့ရာ ဖြည့်စွက်၍ ဆရာ့ထံ ပြန်လည်ပေးပို့ရသည်။


သို့ပေကြောင့်လားမသိ အတွေးအခေါ် မထူးချွန်သော်လည်း အတတ်နိုင်ဆုံး ဆရာ့ သင်ကြားမှုနည်းလမ်းနှင့်အတူ စည်းကမ်းလိုက်နာသောကြောင့် အစစအရာရာ ကိုယ့်ထက်တော်သည်ဟု ယူဆထားသူများအကြား ကိုယ့်ရလဒ်မှာ အလယ်အလတ်ရရှိခဲ့၍ ကျေနပ်ရသည်။

ဤသို့ဖြင့် ကျွန်မ၏ "Mission Statement" Assignment အား PPA Professor ၏ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ဖန်တီးခဲ့ပါသည်။

Policy Process Analysis Paper - "Mission Statement"


Who am I?



မေးခွန်းနံပါတ် (၁) 'ကျွန်မဘယ်သူလဲ- Who am I?'အတွက် ကံကြမ္မာက ရေးဆွဲထားပြီးဖြစ်သော ကျွန်မ ဖြစ်တည်မှုကို ကျွန်မစဉ်းစားခဲ့ပါသည်။ မိဘများအတွက် တာဝန်ကျေသော သမီးတစ်ယောက်၊ မောင်နှမများ အတွက် တာဝန်ကျေသော အစ်မတစ်ယောက်၊ ဆရာ/ ဆရာမများအတွက် တာဝန်ကျေသော တပည့်တစ် ယောက်၊ သူငယ်ချင်း မိတ်ဆွေ/ လုပ်ဖော်ကိုင်ဖက်များ အတွက် တာဝန်ကျေသော သူငယ်ချင်း/ လုပ်ဖော်ကိုင် ဖက်၊ သက်မွေးဝမ်းကျောင်းသော အလုပ်အတွက် တာဝန် ကျေသော အရာရှိ တစ်ယောက်၊ နိုင်ငံအတွက် တာဝန် ကျေသော နိုင်ငံသားကောင်း တစ်ယောက်အဖြစ် အတတ် နိုင်ဆုံး ရပ်တည်ခဲ့သည်ကို ဖော်ပြခဲ့ပါသည်။ မည်သူ့ကို မဆို ကျွန်မတတ်နိုင်သလောက် အကောင်းဆုံးကိုသာ ပေးခဲ့ရာ အခြားဖက်မှ လုံလုံလောက်လောက် တာဝန်ကျေ သည်ဟု ယူဆသည်ဖြစ်စေ၊ မယူဆသည်ဖြစ်စေ၊ ထို့အတူ မည်သူကပင် အသိအမှတ်ပြုခြင်း ရှိသည်ဖြစ်စေ/ မရှိ သည်ဖြစ်ပါစေ၊ ဤရပ်တည်မှုသည် ဘဝတစ်လျှောက် အသက်ရှင်နေထိုင်ရန် လိပ်ပြာလုံသည်ဟု ကျွန်မ ယူဆ ၍ဖြစ်သည်။ တဖြည်းဖြည်း အသက်ရလာသည်နှင့်အမျှ ရယူခြင်း၊ ပေးဆပ်ခြင်းဟူသည့် ခံစားချက်များ မှေးမှိန်လာ ကာ တာဝန်ကျေရန်သာ အဓိကလိုအပ်မှုဟု သိမြင်လာ ရသည်။ သို့သော်ပင် သို့သော်ငြား နေရာတိုင်း၌ ကြီးစိုး နေသည်မှာ တာဝန်ရှောင်မှုများပင်။ လူတိုင်းကိုယ့်တာဝန် ကိုယ်ကျေလျှင် လောကသည် သာယာလှပမည်မှာ ဧကန် မုချပင်။

(၂) Who are my key stakeholders whom I want to live and workfor?




မေးခွန်းနံပါတ်(၂)'ကျွန်မ အတူရှင်သန်နေထိုင် လုပ်ကိုင်ပေးချင်တဲ့ ကျွန်မရဲ့ပါဝင် ပတ်သက်သူတွေက ဘယ်သူတွေလဲ-Who are my key stakeholders whom I want to live and work for?'ဒီမေးခွန်းအတွက် စဉ်းစား လာရသည်မှာ ဘယ်သူတွေလဲဟု မေးသော်လည်း ဆရာ ဖြေခိုင်းသည့် ပုံစံများတွင် ဘာကြောင့် ဤကဲ့သို့ သတ်မှတ် စဉ်းစားရတာလဲဆိုတဲ့ အကြောင်းကြောင့် အကျိုးဖြစ်ခြင်း ဆိုတဲ့ စံနှုန်းတွေပါရှိလာသည်ကို တွေ့ရသည်။ ဤသို့စဉ်း စားရင်း ခွဲခြားရာ ရိုးရိုးသာမာန်လူဖြစ်သည့် ကျွန်မအတွက် အရေးကြီးသည့် အဓိက အပိုင်း(၂)ခုမှာ မိသားစုနှင့် အလုပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ မိသားစုအပိုင်းတွင် မိဘနှစ်ပါးနှင့် ကျွန်မက ချစ်သော/ ကျွန်မကိုချစ်သော သူများကို ထည့်သွင်းလိုက်ပါသည်။ ချစ်သည့် သူတွေက သာ မိမိအကျိုးရှိရာရှိကြောင်း မြင်လိုသည်မဟုတ်ပါလား။ ထိုမှုမက ကျွန်မချစ်သော အိမ်မွေး တိရစ္ဆာန်များပင် ထည့် သွင်းလိုက်ပါသည်။ အလုပ်အပိုင်းတွင် ဝင်ငွေ (Income) နှင့် မိမိကိုယ်ကို ယုံကြည်မှု (Confedence)ကို အဓိက တွေးတောကာ ပေါင်းထည့်လိုက်သည်။ ဖွံ့ဖြိုးမှု အနည်း ဆုံး နိုင်ငံများတွင် တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ သမ္မာ အာဇီဝ နိုင်ငံ့ဝန်ထမ်းလစာသည် လူတစ်ယောက် စားဝတ် နေရေးအတွက် လုံလောက်အောင် မဖန်တီးနိုင်သေးသော် လည်း စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက် လူတစ်ယောက်တွင် အနည်းဆုံး သမ္မာအာဇီဝနှင့် ဂုဏ်သိက္ခာရှိသော အလုပ် တစ်ခုရှိရန် လိုအပ်လှပေသည်။

ဤအိမ်စာသည် မေးခွန်း(၅)ခုဖြင့် ဖွဲ့စည်းထား သော်လည်း ယခုဆောင်းပါးတွင် ဤနေရာ၌ ရပ်တန့်ရင်း တွေ့ကြုံသင်ကြားလေ့လာရသည်များနှင့် ကျွန်မ၏ အယူ အဆများကို ဝေမျှပါသည်။ အချိန်ပေးဖတ်ရှုသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း. . . . ။



# မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက်

## DISABILITIES STATISTICS

| စောယုဝင်း |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ကျရောက်စဉ် ၁၈၇၅ ခုနှစ် ကတည်းကပင် မသန်စွမ်းသူများအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါသည်။ ၁၉၁၄ ခုနှစ်တွင် အမြင်အာရုံ မသန်စွမ်းသူများအတွက် မျက်မမြင်သင်တန်းကျောင်းကို ဝန်ထမ်း သုံးဦးဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၅၄ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် လူမှုဝန်ထမ်း ဆိုင်ရာ မူဝါဒများကိုချမှတ်ပြီး မသန်စွမ်းသူများအတွက်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗန်းရှင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ ပါဝင်မှုနှင့် မသန်စွမ်းသူ

များ၏ အခန်းကဏ္ဍမြင့်မားရေးဆိုင်ရာ ဘာလီကြေညာချက်၊ အာဆီယံမသန်စွမ်းသူများ ဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်ဖြစ်သည့် အင်ချွန်းမဟာဗျူဟာ (၂၀၁၃-၂၀၂၂) ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ကိုလည်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)၊ အပိုဒ် ၂၁(က) တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်နှင့် အခန်း (၁)၊ ၃၂(က)တွင် နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအားကြည့်ရှုစောင့်ရှောက်ရမည်ဟု ပါရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိလူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လူမှုဝန်ထမ်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင် ခြင်းစသည့် လူမှုဝန်ထမ်းနည်းစနစ်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကာကွယ်စောင့်ရှောက်ရန်နှင့် အခွင့်အရေးမြှင့်တင်ပေးရန် လိုအပ်သောအုပ်စုများကို လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရန်အတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသား အဆင့်မဟာဗျူဟာ(၂၀၁၆-၂၀၂၅)ကိုနိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကိုလည်း ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများသည်ဘေးဖယ်ထားခြင်း၊ ချန်လှပ်ထားခြင်းတို့ကို အများဆုံး ကြုံတွေ့နေကြရပြီး အများနည်းတူ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့နိုင်ရေးအတွက်လည်း လစ်လျူရှုခံနေကြရပါသည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရမြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၅၁ သန်းကျော်ရှိသည့်အနက် ၂ ဒသမ ၃ သန်းကျော်သည် မသန်စွမ်းသူများဖြစ်ကြသဖြင့် စုစုပေါင်းလူဦးရေတွင် ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများ ဖြစ်ကြပါသည်။ ၎င်းမသန်စွမ်းသူများတွင် အမြင်အာရုံမသန်စွမ်းသူ ၅၄ ဒသမ ၁ ရာခိုင်နှုန်း၊ လမ်းလျှောက်၊ အမြင့်တက်၊ ပစ္စည်းကိုင်တွယ်ရာတွင် ခက်ခဲသူ ၄၁ ဒသမ ၁ ရာခိုင်နှုန်း၊ သင်ယူလေ့လာခြင်း၊ မှတ်ဉာဏ်၊ အာရုံစူးစိုက်ခြင်း အခက်အခဲရှိသူ ၃၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် အကြားအာရုံခက်ခဲသူ ၂၉ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး မသန်စွမ်းမှုကို အမျိုးသားများ (၄၅. ၇၂%) နှင့်နှိုင်းယှဉ်လျှင် အမျိုးသမီးများ(၅၄ ဒသမ ၂၈%) တွင် ပိုမိုတွေ့ရပါသည်။ မသန်စွမ်းသူများတွင် စာတတ်မြောက်မှုနှုန်း ၇၄ ဒသမ ၈ ရာခိုင်နှုန်းသာ ရှိကြောင်း နှင့် မသန်စွမ်းသူဦးရေများပြားလာသည်နှင့်အမျှ စာတတ်မြောက်မှုနှုန်းများစွာ လျော့ကျသွားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် မသန်စွမ်းမှု အနည်းငယ်သာ ရှိသူများ၏ ၅၈ ဒသမ ၂ ရာခိုင်နှုန်းသာ အလုပ်အကိုင်ကဏ္ဍတွင် ပါဝင်သည်ကို တွေ့ရှိရပါသည်။

| မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေတွင် မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း | |
|---|---|
| အကြောင်းအရာ | ရာခိုင်နှုန်း |
| စုစုပေါင်းလူဦးရေတွင် မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၄.၆၀ |
| အမျိုးသား မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း | ၂.၁၀ |
| အမျိုးသမီး မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း | ၂.၅၀ |
| မြို့ပြဒေသတွင် မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း | ၁.၀၆ |
| ကျေးလက်ဒေသတွင် မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၃.၅၄ |
| အသက်(၀-၁၄)နှစ်ရှိ မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၀.၃၉ |

| | |
|---|---|
| အသက်(၁၅-၂၉)နှစ်ရှိ မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၀.၃၄ |
| အသက်(၆၅)နှစ်အထက်ရှိ မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၁.၆၂ |
| အလုပ်လုပ်နိုင်သည့်အသက်အပိုင်းအခြား အသက်(၁၅-၆၄)နှစ်ရှိ မသန်စွမ်းသူ ပါဝင်မှုရာခိုင်နှုန်း | ၁.၆၂ |

**ဇာစ်မြစ်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း**

မသန်စွမ်းရာခိုင်နှုန်းသည် ဧရာဝတီတိုင်းဒေသကြီးတွင်(၇ ဒသမ ၆) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင်(၇ ဒသမ ၄) ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင်(၇ ဒသမ ၀) ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရှိရပါသည်။ မသန်စွမ်းရာခိုင်နှုန်းသည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ကိန်းဂဏန်း အချက်အလက်တို့သည် လက်ရှိ အခြေအနေတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးထားရှိမှု၊ အလုပ်အကိုင်၊ ပညာရေးနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ထည့်သွင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။

| ပြည်နယ်/ တိုင်းဒေသကြီးအလိုက် မသန်စွမ်းသူပါဝင်မှုရာခိုင်နှုန်း | | |
|---|---|---|
| **စဉ်** | **ပြည်နယ်/ တိုင်းဒေသကြီး** | **ရာခိုင်နှုန်း** |
| ၁။ | ကချင်ပြည်နယ် | ၄.၀ |
| ၂။ | ကယားပြည်နယ် | ၅.၈ |
| ၃။ | ကရင်ပြည်နယ် | ၆.၆ |
| ၄။ | ချင်းပြည်နယ် | ၇.၄ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၃.၃ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၇.၀ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၄.၂ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၅.၂ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃.၃ |
| ၁၀။ | မွန်ပြည်နယ် | ၅.၃ |
| ၁၁။ | ရခိုင်ပြည်နယ် | ၅.၃ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၃.၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၃.၉ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၇.၆ |
| ၁၅။ | နေပြည်တော် | ၃.၂ |

**ဇာစ်မြစ်။ ၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း**

ထို့အပြင် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း-၂၀၁၅၌ မသန်စွမ်းမှုအခြေအနေနှင့်ပတ်သက်၍ ဖော်ပြချက်တွင် မြန်မာနိုင်ငံ၌ အသက် ၅ နှစ်နှင့်အထက်လူဦးရေ၏ ၇ ဒသမ ၇ ရာခိုင်နှုန်းသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မသန်စွမ်းမှုအခြေအနေများ တွေ့ရှိရပါသည်။ အဆိုပါ မသန်စွမ်းမှု ရာခိုင်နှုန်းသည် ကျေးလက်နှင့်နိုင်းယှဉ်ပါက မြို့ပြဒေသများတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ယင်းအခြေအနေများအနက် မျက်မှန်တပ်ထားသည့်တိုင် အမြင်အာရုံအခက်အခဲရှိသည့်ရာခိုင်နှုန်းသည် အမြင့်မားဆုံးဖြစ်ရာ ပြည်ထောင်စုအဆင့်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပြီး အမျိုးသားများတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ ဒုတိယအမြင့်မားဆုံး မသန်စွမ်းမှုအခြေအနေမှာ လမ်းလျှောက်ရာတွင် သို့မဟုတ် လှေခါးတက်ရာတွင် အခက်အခဲရှိခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

| နယ်ပယ် | အမြင်အာရုံ | အကြားအာရုံ | လမ်းလျှောက်ခြင်း၊ လှေကားတက်ခြင်း | မှတ်မိခြင်း၊ အာရုံစူးစိုက်ခြင်း၊ | မိမိကိုယ်ကိုစောင့်ရှောက်ခြင်း | ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားချက်ဆိုင်ရာ ကျန်းမာရေးကြောင့်ဆက်ဆံရေးခက်ခဲခြင်း | မည်သည့် မသန်စွမ်းမှုတစ်ခုခု |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅.၇ | ၂.၀ | ၃.၄ | ၁.၇ | ၁.၃ | ၀.၉ | ၇.၇ |
| မြို့မ | ၇.၀ | ၁.၆ | ၃.၅ | ၁.၈ | ၁.၂ | ၁.၀ | ၉.၁ |
| ကျေးလက် | ၅.၁ | ၂.၂ | ၃.၃ | ၁.၆ | ၁.၃ | ၀.၉ | ၇.၂ |
| ကျား | ၅.၀ | ၁.၈ | ၂.၈ | ၁.၄ | ၁.၁ | ၀.၉ | ၆.၉ |
| မ | ၆.၃ | ၂.၂ | ၃.၉ | ၁.၉ | ၁.၄ | ၀.၉ | ၈.၄ |

**ဇာစ်မြစ်။ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း -၂၀၁၅**

သို့ရာတွင် ဖော်ပြထားသော စာရင်းအင်းများ၊ ကိန်းဂဏန်းများနောက်ကွယ်ရှိ မသန်စွမ်းသူများ၏ ဘဝအခြေအနေတို့ကို အနည်းငယ်သာ သိမြင်နားလည်နိုင်ကြပါသည်။ အစိုးရဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် ကိန်းဂဏန်းအချက်အလက်များကို ပုံမှန်ထုတ်ဝေလျှက်ရှိသော်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် တာဝန်ရှိမှု၊ အရေးအတွက်၊ အရည်အသွေးဆိုင်ရာ သတင်းအချက်အလက် ရှားပါးခြင်း၊ ပြည့်စုံမှုမရှိခြင်းနှင့် အာမခံချက် မရှိခြင်းတို့ကို တွေ့ရှိရပါသည်။

ထို့ကြောင့် မသန်စွမ်းသူများနှင့်သက်ဆိုင်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ စုစည်းခြင်း၊ ထုတ်ပြန်ခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အစီရင်ခံစာရေးခြင်းဖြင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ခွဲခြားဖော်ထုတ်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ရန် အလွန်သင့်တော်ပြီး အချိန်မီရရှိလာသော စာရင်းအင်းများသည် အရေးတကြီးလိုအပ်သည့် အထောက်အထားပြ သတင်းအချက်အလက်များဖြစ်ပါသည်။ ထိုအချက်အလက်များသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ၂၀၃၀ လုပ်ငန်းစဉ်နှင့် ၎င်း၏ မျှော်မှန်းချက် ဖြစ်သော လူသားအားလုံး အကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုပြည့်မီစေရေးတို့ကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် မသန်စွမ်းသူများ၏ နေ့စဉ်ဘဝတွင်လည်းကောင်း၊ ရပ်ရွာအတွင်းတွင်လည်းကောင်း၊ လူမှုရေးဝန်ဆောင်မှုတို့ကို လက်လှမ်းမီရရှိစေရေးတို့ကိုလည်းကောင်း၊ ရင်ဆိုင်နေရသော အတားအဆီးများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ ဆန်းစစ်လေ့လာမှုနှင့် သတင်းအချက်အလက်တို့ကို ရရှိနိုင်ပြီး မသန်စွမ်းသူများ လူမှုအဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်နှင့် လူမှုရေးအရ ပေါင်းစည်း ပါဝင်နိုင်မှုတို့ကိုသေချာစေရန်နှင့် လုပ်ဆောင်ချက်တို့ကို အရေးတကြီး ဆောင်ရွက်ရမည့် အဓိကနယ်ပယ်များတွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



မသန်စွမ်းသူများသည် ၎င်းတို့၏ မွေးရာပါဖွံ့ဖြိုးတိုးတက်မှု အလားအလာတို့ကို အပြည့် အဝခံစားခွင့်ပြည့်မီရရှိစေရေးနှင့် အခြားသူများရရှိနေသော အခွင့်အလမ်းတို့ကိုလည်း ခံစားခွင့်ရှိသဖြင့် Disabilities Statistics ကို ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ လေ့လာသုံးသပ်၊ ထုတ်ပြန်ခြင်းအားဖြင့် မသန်စွမ်းသူများအတွက် လူမှုကာကွယ်ရေးအစီအစဉ်များ၊ မူဝါဒများ၊ စီမံကိန်းများ ပြုလုပ်ရာတွင် လုပ်ငန်းအစီအစဉ်များ တိုးတက်ကောင်းမွန်ရန် တွန်းအားတစ်ရပ်ဖြစ်စေမည့်အပြင် မြန်မာနိုင်ငံ၌ လူမှုရေးအရပေါင်းစည်းပါဝင်မှုရှိသည့် အနာဂတ်တစ်ခု ဖန်တီးဖြစ်ပေါ်လာရေးအတွက်လည်း အကြွင်းမဲ့အထောက်အကူပြုနိုင်မည်ဖြစ်သည်။ မသန်စွမ်းသူများ၏ အားထုတ်ကြိုးပမ်းမှုသည်လည်း တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသောကြောင့် မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း စသည့် ကဏ္ဍအလိုက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရည်အသွေးရှိပြီး ယုံကြည်ကိုးစားနိုင်သော စာရင်းအင်းများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားခြင်းဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝကို အထောက်အကူပြုနိုင်မည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်စိတ်တစ်ပိုင်းပါဝင်နေဖြစ်သဖြင့် Disabilities Statistics ကို ကောက်ယူ စုစည်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။



# မြန်မာနိုင်ငံ တစ်ပိုင်တစ်နိုင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME) စစ်တမ်းကောက်ယူခြင်းမှ အတွေ့အကြုံ ဗဟုသုတများ

ညောင်တိုင် (CSO)

**နိဒါန်း**

မြန်မာနိုင်ငံ တစ်နိုင်တစ်ပိုင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ Myanmar Small and Medium Enterprises(MSME) အတွက် အထောက်အကူပြုနိုင်မည့် လိုအပ်ချက်များကိုသိရှိရန်၊ ယင်းစီးပွားရေးလုပ်ငန်းများ၏ စိန်ခေါ်ချက်များကို သိရှိရန်၊ လုပ်ငန်းများ၏ အောင်မြင်နိုင်မည့်အချက်များကို သိရှိနိုင်ရန်၊ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ငန်းများအောင်မြင်စေနိုင်ရန်တို့အတွက် ထောက်ပံ့ကူညီပေးနိုင်မည့် မူဝါဒများချမှတ်နိုင်ရန် ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization) မှ ဝန်ထမ်းများသည် ဒိန်းမတ်နိုင်ငံအစိုးရ၏ အကူညီဖြင့် မြို့နယ်ပေါင်း (၃၅) မြို့နယ်ရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်၍ သွားရောက်ကောက်ယူခဲ့ပါသည်။

မိမိအနေဖြင့် MSME စစ်တမ်းကို Random အရရွေးချယ်ထားသော မြင်းခြံမြို့နှင့် ဝမ်းတွင်းမြို့နယ် များရှိ မြို့မနှင့် ကျေးလက်ဒေသများရှိကုန်ထုတ်လုပ်မှု လုပ်ငန်းများသို့ တာဝန်ယူ သွားရောက် ကောက်ယူခဲ့ရပါသည်။ ဒေသတစ်ခုနှင့်တစ်ခု အဓိက အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ကြသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများမှာ မတူညီကြပါ။ ထိုသို့ အဆင်ပြေစွာ စစ်တမ်းကောက်ယူနိုင်ရန်အတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ စက်မှုကြီးကြပ်စစ်ဆေးရေးမှူးများ၊ စက်မှုဇုန်ကော်မတီဝင်များ၊ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများနှင့် ဗဟိုစာရင်းအင်းအဖွဲ့ မြို့နယ်တာဝန်ခံများ ပူးပေါင်းညှိနှိုင်းပါဝင် ဆောင်ရွက်ပေးခြင်းတို့ကြောင့် စစ်တမ်းကို သတ်မှတ်ထားသည့်ကာလအတွင်း အဆင်ပြေစွာ ကောက်ယူပြီးစီးနိုင်ခဲ့ပါသည်။ ထို့ပြင် ရရှိခဲ့သည့် MSME စစ်တမ်းအတွေ့အကြုံများနှင့် ဒေသန္တရ ဗဟုသုတများသည် မိမိအတွက် တန်ဖိုးမဖြတ်နိုင်သော အရာများဖြစ်ပါသည်။

မိမိတာဝန်ကျရာ မန္တလေးတိုင်းအတွင်း မြင်းခြံမြို့နှင့် ဝမ်းတွင်းမြို့သို့ MSME စစ်တမ်းကောက်ယူခြင်းဖြင့် ပထမဆုံးအကြိမ် ရောက်ဖူးခဲ့ခြင်းဖြစ်ပါသည်။ ခေတ်ကာလ ရေစီးကြောင်းအရ မိမိတို့ သွားရောက်ကောက်ယူ

ခဲ့သည့် MSME စစ်တမ်းအတွေ့အကြုံတစ်နေ့တာ လှုပ်ရှားမှုများကို မှတ်တမ်းတင်ရန် Facebook တင်သည့် ကိစ္စကလည်း အလုပ်တစ်ခုဖြစ်ခဲ့ပါသည်။ ထိုသို့မှတ်တမ်းတင်ခဲ့သည့်အတွက်လည်း ယခုလို အတွေ့အကြုံများပြန်လည်ဝေမျှရန်အတွက် ကုန်ကြမ်းတစ်ခုဖြစ်ခဲ့ပါသည်။

မိမိတို့အနေဖြင့် MSMEစစ်တမ်းကောက်ယူနိုင်ရန်အတွက် နမူနာအရ အရမ်းနီးသည့် လုပ်ငန်းများရှိသကဲ့သို့ပြန့်ကျဲနေတဲ့လုပ်ငန်းများကို ရပ်ကွက်တစ်ခုချင်းစီ သွားကောက်ခဲ့ခြင်း မျိုးလည်းရှိပါသည်။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ညဘက်ကြိုဖုန်းဆက်မနက်သွား ရောက်တွေ့ဆုံ၍ စစ်တမ်းကောက်ယူရသည့် ရည်ရွယ်ချက်များကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများသို့ မသွားရောက်ခင် နားလည်သဘောပေါက်အောင်ရှင်းပြပြီး ၎င်းတို့နှင့်အတူ  သွားရောက် ကောက်ယူခဲ့ပါသည်။ သွားရောက်ကောက်ယူသည့်အခါတွင် စာရင်းပါအတိုင်း သွားကောက်ရာတွင် အချို့လုပ်ငန်းရှင်များက ၎င်းတို့လုပ်ငန်းထက်ကြီးသည့် လုပ်ငန်းများသည် စာရင်းမပါသည့်အတွက် မနှစ်မြို့ခြင်း၊ စာရင်းမပါသည့် လုပ်ငန်းရှင်များမှ ဖြေကြားချင်သည့်အတွက် စိတ်ဆိုးခြင်းများနှင့်ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့အနေဖြင့် နားမလည်ဘဲ အထင်လွဲခဲ့မှုများအတွက် စစ်တမ်းကို Random အရ SampleSize အတိုင်း ကောက်ယူခြင်းဖြစ်ပါကြောင်း ရှင်းပြခဲ့ရပါသည်။ စစ်တမ်းကောက်ယူရာတွင်  လုပ်ငန်းရှင်များဘက်မှလည်း ဗျူငှာမှုရှိသည့် သူများရှိသကဲ့ သို့ မကြည်ဖြူသည့်သူများနှင့်လည်း တွေ့ဆုံရသည့်အတွက် စစ်တမ်းမှာ ထင်ထားသလောက်မလွယ်ကူသဖြင့် လိမ္မာပါးနပ်စွာ မေးမြန်းခဲ့ရပါသည်။ တစ်ဘက်တွင်လည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဘက်မှ စကားစမြည်ပြောသလိုဖြင့် အချက်အလက်ရအောင်ယူသည်ကို သိရှိကြပါသည်။

မိမိတို့တွေ့ကြုံမေးမြန်းခဲ့ရသည့် လုပ်ငန်းရှင်/မန်နေဂျာ အများစုမှာ စီးပွားရေးလုပ်ငန်း ပညာကို တတ်မြောက်၍ ဆောင်ရွက်သည်ထက် မိဘအမွေအနှစ်လုပ်ငန်းဖြစ်သည့်အတွက် အရှုံးပေါ် သော်လည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်လုပ်ကိုင်ခြင်း၊ အမြတ်ရရှိသော်လည်း ခေတ်မီနည်းပညာများဖြင့် ဆန်းသစ်တီထွင် လုပ်ကိုင်လိုစိတ်မရှိခြင်း၊ ၎င်းတို့၏ လုပ်ငန်းများလည်ပတ်မှုလုပ်ငန်းစဉ်များနှင့် စီးပွားရေးစာရင်းများကို စနစ်တကျမထားရှိမှုများ တွေ့ရှိရခြင်း၊ ထားရှိပါကလည်း အမှန်တကယ် စာရင်းအတိုင်း ဖြေကြားခြင်းမရှိခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖြစ်သည့်အတွက် အများစုမှာ အစိုးရဝန်ထမ်းများ ယခုကဲ့သို့စီးပွားရေးလုပ်ငန်းစစ်တမ်းကောက်ယူမှုကို အခွန်ကောက်ယူမှုနှင့် သက်ဆိုင်သည်ဟု ထင်မှတ်ကာ မနှစ်မြို့ခြင်း၊ အချို့မှာ ချေးငွေပေးမည်ဟု ထင်မှတ်ကာ ၎င်းတို့၏ အခက်အခဲများအား ပြောကြားခြင်း၊ အချို့မှာ နိုင်ငံတော်အစိုးရမှ ဘာမှမလုပ်ပေးဘဲ စစ်တမ်းများသာ ကောက်ယူနေသည်ဟု ထင်မှတ်ပြောဆိုဖြေကြားခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

အများအားဖြင့် အတန်းပညာမတတ်မြောက်သည့်အပြင် စစ်တမ်းကောက်ယူမှုနှင့် စပ်လျဉ်းသည့် ဗဟုသုတ Awareness မရှိသည့်အတွက် အစိုးရဝန်ထမ်းများ ယခုကဲ့သို့ လာရောက်မေးမြန်းခြင်းကို ကြောက်ရွံ့နေသူများလည်း တွေ့ရှိခဲ့ရပါသည်။ အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အားနည်းချက်/အားသာချက်များကို စစ်တမ်းအားဖြင့် ပူးပေါင်းပါဝင် ဖြေကြားမှုရှိသော်လည်း မြန်မာနိုင်ငံလုပ်ငန်းရှင်များအနေဖြင့် စာရင်းအင်း အရေးပါမှုကိုလည်း မသိရှိသည့်အတွက် ပူးပေါင်းပါဝင်ဖြေကြားလိုခြင်း နည်းပါးပြီး ဖြေကြားခဲ့သော်လည်း SME ကိန်းဂဏန်း အမှန်အချက်အလက်များ ရရှိရန် အလွန်ခက်ခဲလှပါသည်။ ထို့ပြင် အလုပ်သမားများအတွက် မေးခွန်းများကို အလုပ်သမားများအား သွားရောက်မေးရာတွင်လည်း အချို့ လုပ်ငန်းရှင်များမှာ ခွင့်မပြုပေးခဲ့ဘဲ ၎င်းတို့ကိုယ်တိုင် အလုပ်သမားမေးခွန်းများ ဖြေကြားပေးခဲ့မှုများလည်း ကြုံတွေ့ခဲ့ရပါသည်။

အလုပ်သမားများကို မေးမြန်းရာတွင် အများစုမှာ ၎င်းတို့၏အသက်ကိုပင် မသိရှိကြပါ။ (ဥပမာအားဖြင့် ဘယ်နှခုနှစ်မှာ မွေးလဲဟု မေးမြန်းရာတွင် အိမ်ကနွားမကြီးမွေးတဲ့နေ့ဟု ဖြေဆိုသူများ ရှိကြပါသည်။) ထို့ပြင် အတန်းပညာဗဟုသုတမရှိကြသည့်အပြင် ယခုကဲ့သို့ ကောက်ယူသည့် စစ်တမ်းမေးခွန်း ဖြေဆိုရန် အလွန်ရှက်ကြောက်ရွံ့သူများ တွေ့ရှိရသကဲ့သို့ အချို့မှာ အဘယ်ကြောင့် မေးရ

သလဲဟုဆိုကာ စိတ်ဆတ်ရိုင်းစိုင်းသည့်သူများလည်း တွေ့ရှိခဲ့ရပါသည်။ အချို့အလုပ်သမားများမှာ အလုပ်ရှင်များ၏ တင်းကြပ်သည့် ချုပ်ခြယ်မှုများကြောင့်လည်း မဖြေဆိုရဲသူများလည်း တွေ့ရှိခဲ့ရပါသည်။ မိမိတို့အနေဖြင့် ပိုင်ရှင်(သို့မဟုတ်) မန်နေဂျာမေးခွန်းနှင့် အလုပ်သမားမေးခွန်းများကို တစ်ပြိုင်တည်း နေရာခွဲ၍ မေးမြန်းခြင်းဖြင့် ရရှိသည့် Data အချက်အလက်များ (အလုပ်လုပ်ချိန်၊ လစာ၊ ခွင့်ခံစားရက်နှင့် အခြားသောဆုကြေးစသဖြင့်) ကွဲပြားစွာရရှိမှုများလည်း တွေ့ကြုံခဲ့ရပါသည်။

ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများမှာ လုပ်ငန်းဖြစ်စဉ် ကိစ္စရပ်များ ကောက်ယူသည့်အတွက် အခွန်ကြေးနှင့် အခြားစာရွက်စာတမ်းကြေး လာကောက်ယူပြီး အခွန်တိုးမြှင့် ကောက်ယူမည်ဟု ထင်မြင်ခဲ့ကြပါသည်။ အချို့လုပ်ငန်းရှင်များမှ အစိုးရဝန်ထမ်းများကို စားပွဲပေါ်မှဝန်ထမ်းများထက် ယခုလိုမြေပြင်အခြေအနေကောက်ယူမှုကို ပိုလိုလားကြပါသည်။ သို့မှသာ ယင်းတို့၏ အခက်အခဲများ/ စိန်ခေါ်မှုများနှင့် အဟန့်အတားများကို ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ဟု လက်ခံထားရှိကြသူများလည်းရှိပါသည်။ မိမိတို့အနေဖြင့် မိမိတို့၏ ဆောင်ရွက်ချက်သည် မိမိတို့ဌာန/ အစိုးရကို ထင်ဟပ်စေသဖြင့် တစ်ဦးချင်း/တစ်ယောက်ကောင်းများဖြင့် မိမိတို့ ယခုကောက်ယူခဲ့သည့် MSME စစ်တမ်းကောက်ယူရခြင်းကို အသိပညာဗဟုသုတ Awareness နည်းပါးသူများအား သေချာစွာ ရှင်းလင်းပြောဆိုပြီး ကောက်ယူခဲ့ရပါသည်။

တစ်နေ့ MSME စစ်တမ်းကောက်ဖို့အသွား ရပ်ကွက်ထဲ လမ်းဆုံမှာ ဆိုင်ကယ်များစွာ ရပ်တာတွေ့လို့ သေချာကြည့်တော့ ကိုးရီးယားသင်တန်းကျောင်းဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ယင်းသင်တန်းတက်ပြီး၍ စာမေးပွဲအောင်လျှင် အေဂျင်စီ အဆက်အသွယ်ဖြင့် ကိုရီးယားမှာ အလုပ်ကြမ်းသွားလုပ်ကြသည့်အတွက် သင်တန်းကို ဒေသခံမြို့/ ရွာတွေသာမက အခြားမြို့ရွာများကပါ လာတက်ကြခြင်းဖြစ်ပြီး ၎င်းရပ်ကွက်ကိုလည်း နာမည်ပြောင်ကိုးရီးယားရပ်ကွက်ဟု ခေါ်ကြကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် ရပ်ကွက်အတွင်း SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်သားရှားပါးမှု၊ နည်းပညာလိုအပ်မှု၊ အရင်းအနှီးမလုံလောက်မှု၊ ကုန်ကြမ်းရှားပါးမှု၊ လုပ်ခနိမ့်ပါးမှု စသည့် အကြောင်းအရာများကြောင့် လုပ်ငန်းများဖွံ့ဖြိုးဖို့ အားနည်းနေလျက်ရှိနေသည်ကို သိရှိခဲ့ရပါသည်။ အများအားဖြင့် ပညာတတ်လူငယ်များ Migration မြင့်မားလာကြောင်း သိရှိရသည့်အတွက် ဒေသ၏မိရိုးဖလာလုပ်ငန်း၊ မြန်မာ့လက်မှုအမွေအနှစ်လုပ်ငန်းများ Innovation ဆောင်ရွက်ရန် နည်းပညာအခွင့်အလမ်းနှင့် လုပ်ခလစာမြင့်မားသည့် Incentive များရရှိလာလျှင်တော့လည်း မြင်းခြံမြို့မှာ စီးပွားရေးမြို့တော်တစ်ခုဖြစ်လာနိုင်ကောင်းပါရဲ့ဟု တွေးတောမိခဲ့ပါသည်။ ကိုင်ကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုလည်း ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများလည်း ရရှိမှာဖြစ်သည့်အတွက် နိုင်ငံတော်မှလည်း SME ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်၊ အခက်အခဲ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ သိရှိစေရန် ယခု စစ်တမ်းကောက်ယူရကြောင်း ရှင်းပြရင်းကောက်ယူခဲ့ရပါသည်။

နေ့တစ်ဝက် ဆောင်ရွက်နေကျ စာရင်းကောက်သွားရန် မနက်အစောထ၊ မနက်စာအဝ စားပြီးသည်နှင့် မိမိတို့ ဆက်လက်ကောက်ယူရမည့် စက်မှုဇုန်သို့ သွားရောက် ကောက်ယူခဲ့ပါသည်။ စက်မှုဇုန်ဆိုရင် မသိသူအဖို့ ခြံဝန်းကြီးခတ်ထားပြီး အထဲတွင် စက်ရုံများတန်းစီနေမည်ဟု ထင်ခဲ့သည်နှင့် တခြားစီ မြင်းခြံစက်မှုဇုန်မှာ ကျယ်ဝန်းပြီး တချို့နေရာတွေက ရွာလိုလို၊ ရပ်ကွက်လိုလို လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များဖြင့် စည်းကားသည့်နေရာရှိ သကဲ့သို့ ခေါင်တဲ့နေရာများလည်းရှိပါသည်။ စက်မှုဇုန် လုပ်ငန်းကော်မီဝင်များမှလည်း မိမိတို့အဆင်ပြေစွာ ကောက်ယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပြီး လုပ်ငန်းရှင်များထံသို့ ပို့ဆောင်ပေးခဲ့ကြပါသည်။

မြင်းခြံစက်မှုဇုန်အတွင်း လုပ်ငန်းတော်တော်များသည် လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းထားပြီး စီးပွားရေးကျဆင်းလာသည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းတို့လုပ်ငန်းရှင်များဖြေကြားချက်အရ မြန်မာနိုင်ငံတွင် လုပ်ငန်းရှင်များ စီးပွားရေး လည်ပတ်မှု မကောင်းသည်မှာ ၂၀၁၅ ခုနှစ်မှ ယခုနှစ်ထိတိုင်အောင် (၃) နှစ်ရှိခဲ့ပြီဟု သိရှိခဲ့ရပါသည်။ ယင်းအကြောင်းမှာလည်း မြန်မာနိုင်ငံ၌ ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံ

ပျက်စီးမှု၊ ငါးကန်၊ ပုစွန်ကန်ပျက်စီးမှု စသည့် အကြောင်းအရာများကြောင့် ကုန်ကြမ်းရှားပါးမှု၊ ဝယ်လိုအားကျဆင်းမှု၊ ကုန်ဈေးနှုန်းမတည်ငြိမ်မှု၊ ပြည်ပမှတင်သွင်းသည့် ကုန်စည်ပစ္စည်းဈေးနှုန်းချိုသာစွာ ဝင်ရောက်မှု၊ နည်းပညာအားနည်းခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ လုပ်ခလစာတိုးမြှင့်မပေးနိုင်ခြင်း၊ ရင်းနှီးငွေ မလုံလောက်ခြင်းစသော အခက်အခဲများကို လုပ်ငန်းရှင်များ ရင်ဆိုင်ခဲ့ရပါသည်။ ထို့ကြောင့် လုပ်ငန်းလည်ပတ်မှု ကျဆင်းခဲ့ရသကဲ့သို့ ဝယ်ယူစားသုံးသူများအနေဖြင့်လည်း ကုန်ဈေးနှုန်း မတည်ငြိမ်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု သိရှိခဲ့ရပါသည်။

အချို့လုပ်ငန်းရှင်များမှာ ၎င်းတို့ အသိလုပ်ငန်းရှင်များဆီ မိမိတို့ ကောက်ယူနေချိန်တွင် အချိန်မကုန်အောင် တစ်ခါတည်းဖြေပေးမည်ဟုဆိုကာ လိုက်လာသည်များလည်းရှိခဲ့ပါသည်။ မိမိတို့အနေဖြင့် စာရင်းပါလိပ်စာ လုပ်ငန်းတည်နေရာကို အရောက်သွားပြီး ကောက်ယူရမည်ဟု ဖြေကြားပြီး တကယ်မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့် တည်နေရာများအတွက် သံလိုက်အိမ်မြှောင်ဖြင့် လတ်တီတွဒ်နှင့် လောင်ဂျီတွဒ်များဖြင့် ဖြည့်စွက်ရကြောင်းရှင်းပြခဲ့ သည့် အတွက် နားလည်မှုလွဲ ခဲ့ သည့် လုပ်ငန်းရှင်များမှ အရမ်းသဘောကျ၍ အရင်ကတော့ တစ်နေရာထဲစုပြီး ကောက်ခဲ့သော်လည်း ယခုထိုကဲ့သို့ မဟုတ်ဘဲ အစိုးရဝန်ထမ်းများ တကယ်အလုပ်လုပ်နေပြီဟု ပြောဆိုနေခြင်းများကိုလည်း ကြုံတွေ့ခဲ့ရပါသည်။ ယခုအချိန်တွင် မိမိတို့အစိုးရဝန်ထမ်းများကိုပြည်သူများကလည်း အကဲဖြတ်နေသည့်ကာလလည်း ဖြစ်ပါသည်။ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် နေရာတိုင်းမှာ Monitoring and Evaluation (M&E) လုပ်နေသကဲ့သို့ မိမိတို့အနေဖြင့် ယခု စစ်တမ်းသည် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းများအား စောင့်ကြည့်လေ့လာသည့်စနစ် (Myanmar Enterprise Monitoring System- MEMS)တည်ထောင်ရန် အတွက် လိုအပ်သည့် အချက်အလက် ကိန်းဂဏန်းများ ရရှိရန် စစ်တမ်းကောက်ယူခြင်းဖြစ်ပါသည်။

မိမိတို့ MSME စစ်တမ်းကောက်ယူခဲ့သည့်မြင်းခြံမြို့တွင် ကုန်ထုတ်လုပ်မှု လုပ်ငန်း (ဆန်စက်မှလွဲ၍) အမျိုးအစား များပြားပါသည်။ ဝမ်းတွင်းမြို့အနေဖြင့် အိမ်တိုင်းလိုလို တစ်နိုင်တစ်ပိုင် စက်ယက္ကန်းများ လုပ်ကိုင်ကြသည့်အတွက် ဟိုမှာလည်း ဂျုံးဂျက်၊ ဒီမှာလည်း ဂျုံးဂျက် အသံများဖြင့် ဆူညံပြီးလုပ်ငန်းများကို တစ်နေကုန် လည်ပတ်နေသည့် ယက္ကန်း ဂျုံးဂျက် မြည်နေသော ဝမ်းတွင်းမြို့တွင်လည်း ဆန်စက်လုပ်ငန်းများကို ကောက်ယူခဲ့ပါသည်။ ကောက်ယူခဲ့သည့်လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလည်ပတ်မှုအခြေအနေများကို အောက်ပါအတိုင်း တင်ပြလိုပါသည်။

### ၁။ ဆေးပေါ့လိပ်လုပ်ငန်း

မြင်းခြံမြို့သည် အဓိကအားဖြင့် ဆေးပေါ့လိပ်လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ မြင်းခြံမြို့နယ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအများစုမှာ ဆေးပေါ့လိပ် လုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။ မြို့နယ်အတွင်း ဆေးပေါ့လိပ်ကိုကျွမ်းကျင်စွာ လုပ်ကိုင်တတ်သည့် လုပ်သားပေါများပြီး အခြားသောမြို့များထက် လုပ်သားခများလည်း ပေါများကြောင်း သိရှိခဲ့ရပါသည်။ ဆေးပေါ့လိပ်လိပ်နေကြသည့် မိန်းကလေးများအနေဖြင့် ၎င်းတို့လိပ်နိုင်သည့် ပမာဏအပေါ် မူတည်၍ ရရှိသည့်သူများရှိသကဲ့သို့ နေ့စားအနေဖြင့် လုပ်ကိုင်နေကြသည့်သူများလည်းရှိပါသည်။ ဆေးပေါ့လိပ်လုပ်ငန်းအနေဖြင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားချက်အရ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည် ဆိုသည့် စာသားနှင့် ပုံတံဆိပ်များဖြင့် ထုတ်ပိုးရခြင်း၊ ဆေးပေါ့လိပ်ရောင်းရငွေအပေါ် အခွန်အခ တိုးမြှင့်ပေးရခြင်း စသည်တို့အပေါ် အများအားဖြင့် မနှစ်မြို့ကြပါ။ ၎င်းတို့ တစ်နိုင်တစ်ပိုင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အဓိကအဟန့်အတားမှာ အခွန်တိုးမြှင့်ကောက်ယူခြင်း ဖြစ်သည့်အတွက် ဆေးပေါ့လိပ်လုပ်ငန်းအများစုမှ အခွန်စည်းကြပ်မှုကို လျှော့ချပေးရန် ဖြေကြားခဲ့ပါသည်။


### ၂။ ဆေးရိုး/ဆေးချေလုပ်ငန်း

ဆေးရိုး/ဆေးချေလုပ်ငန်းသည် မြန်မာတို့၏ ရှေးရိုးရာလုပ်ငန်းတစ်ခုလည်းဖြစ်ပါသည်။ ယင်း ဆေးရိုး/ဆေးချေများကို ဆေးပေါ့လိပ်လိပ်ရာတွင် ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ကွမ်းစားရာတွင်လည်း ဆေးမှုန့်

ထည့်၍စားသုံးရန်အတွက်လည်းကောင်း အသုံးပြုနိုင်ရန် ထုတ်လုပ်သည့်လုပ်ငန်းဖြစ်ပါသည်။ မိမိအနေဖြင့်စစ်တမ်း သွားကောက်ရင်း တွေ့ရှိခဲ့ရသည်မှာ ယင်းလုပ်ငန်းတည် ရှိရာနေရာသည် အနံ့အသက်အလွန်ဆိုးရွားခြင်း၊ ဖုန်ကဲ့ သို့သော အငွေ့များထွက်ရှိခြင်း စသည်ဖြင့် တွေ့ရှိခဲ့ရပါ သည်။ ယင်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် သဘာဝပတ်ဝန်း ကျင် လေထုကို ညစ်ညမ်းစေကာကျန်းမာရေးကို ထိခိုက် စေနိုင်ပါသည်။ အများအားဖြင့် ယင်းလုပ်ငန်းများကို ရပ်ကွက်အစွန်းများတွင် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိ ရပါသည်။ လုပ်ငန်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့မှာ အချိုးညီစွာ လုပ်ကိုင်နေကြသည်ကို တွေ့ရှိခဲ့ရပါသည်။ လုပ်ငန်းအနေဖြင့် ကုန်ကြမ်းရှားပါးပြီး ဈေးကြီးသဖြင့် ၎င်းတို့တစ်နိုင်တစ်ပိုင် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အတွက် အဓိကမှာ အရင်းအနှီးပမာဏ တိုးမြှင့်ခြင်းဖြစ်ပြီး အများစု မှ ချေးငွေပိုမိုလွယ်ကူစွာ ရယူနိုင်ရန် ဖြည့်ဆည်းပေးရန် ဖြေကြားခဲ့ပါသည်။

## ၃။ သားရေလုပ်ငန်း

မြင်းခြံရောက်ခါစက ရေသောက် (ရေသန့်မှ လွဲပြီး)လျှင် အငန်ဓါတ်ကို ခံစားရပါသည်။ ၎င်းရေအငန် ဓါတ်ဗဟုသုတကို ပြောပြရမည်ဆိုလျှင် သားရေလုပ်ငန်း အတွက် ဆားစိမ်ပေးရပါသည်။ ထို့ကြောင့် မြင်းခြံ၏ ရေအငန်ဓါတ်သည် သားရေအတွက် အကောင်းဆုံးဖြစ် သောကြောင့်မည်သည့်ဒေသမှ သဘာဝအငန်ဓါတ်ဖြင့် စိမ်ထားသော မြင်းခြံသားရေကို မမီကြဘူးဟု သိရှိခဲ့ရ ပါသည်။ ထိုကြောင့် မဆလခေတ်ကတည်းက မြင်းခြံမြို့ တစ်မြို့တည်းကိုသာ သားရေလုပ်ငန်း တရားဝင်လိုင်စင် ဖြင့် လုပ်ကိုင်ခွင့် ခွင့်ပြုခဲ့သည်ဟု သိရှိခဲ့ရပါသည်။ သားရေ လုပ်ငန်းကို ရေညစ်၊ ရေစီးရေလာကောင်းသည့် နေရာ ချောင်းစပ်တစ်လျှောက် ချိုင့်နက်ထဲတွင် လုပ်ကိုင်ကြပါ သည်။ ယခုအခါ သားရေကျက်လုပ်ငန်းသည် မဖွံ့ဖြိုး မအောင်မြင်တော့ဘဲ အရှုံးပေါ်နေပါသည်။ သားရေ (အဓိက နွားသားရေ/ ကျွဲသားရေ/ ဆိတ်သားရေစိမ်း) ကျက်ရန် ကုန်ကြမ်းများမှာ ဆား၊ ထုံး၊ အဖန်ရည်တို့နှင့် ရေရောပြီး စိမ်ရခြင်းဖြစ်ပါသည်။ ထုံးနှင့် ဆား ကုန်ကြမ်း တို့မှာ လွယ်ကူစွာ ဝယ်ယူနိုင်သော်လည်း ဖန်ရည်ဓာတ်ရှိ



သည့် သစ်ခေါက်မှာ ရှားပါးပြီး ဈေးကြီးပါသည်။ ယင်း သစ်ခေါက်သည် အဓိက ကုန်ကြမ်းမဟုတ်သော်လည်း ယင်းပစ္စည်းမပါဝင်၍လည်း မရပါ။ ယခင်က မြင်းခြံဒေသ တွင်TantinAcidဓာတ်ရှိသည့်စွန်လည်သဲပင်အဖန်ရည်ပင် နှင့် ပန်းတိမ်ပင် ရှိခဲ့သော်လည်း အိန္ဒိယမှ မျိုးယူသွားသည့် အတွက် ယခုအခါ ယင်းအပင်မျိုးရှားပါးနေသည်ဟု သိရှိ ခဲ့ရပါသည်။ သားရေလုပ်ငန်းရှင်များအနေဖြင့် ယင်း အဖန်ရည်သစ်ခေါက်ကို ကောလင်းနှင့် ကသာနယ်တို့မှ ဝယ်ယူရရှိပြီး ယင်းသစ်ခေါက်မျှော်(B)ဖြင့်ဝယ်ယူရ(တရား ဝင် လိုင်စင်(B)ပါမှ ရရှိသူနှင့် ချိတ်ဆက်ရသဖြင့် ကုန်ကျ စရိတ်များကြောင်း သိရှိရပါသည်။ သားရေလုပ်ငန်းရှင်များ အနေဖြင့် အဖန်ရည်အက်ဆစ်ရည်အရွက်မှ အစေ့ရရှိ အောင် နည်းပညာစသဖြင့် အသုံးပြု၍ ထုတ်ယူနိုင်လျှင် အဆင်ပြေမည်ဟု ပြောကြားခဲ့ကြပါသည်။ သားရေလုပ် ငန်းလုပ်ကိုင်ရန်အတွက်လည်း အလုပ်သမားခေါ်ယူရာ တွင် လုပ်သားခများ ဈေးကြီးကြောင်း သိရှိရပါသည်။

သားရေကို အိန္ဒိယ၊ စင်ကာပူ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူသည်ဟုလည်း သိရှိရပါ သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် တရုတ်မှ မဝယ်တော့ဟု သိရှိခဲ့ရပါသည်။ အကြောင်းမှာ ၎င်းတို့၏သားရေတွင် ပိုးမွှားများ ပါသည့်အတွက်ကြောင့်ဖြစ်သည့်အတွက် နည်းပညာ လိုအပ်လျက်ရှိသည်ဟု သိရှိရပါသည်။ ထို့ပြင်

သားရေကို ရောင်းချရာတွင် အချပ်လိုက်ရောင်းချခြင်းဖြစ်ကြောင်းသိရှိရပါသည်။ မိမိတို့နိုင်ငံ၏ သားရေအချပ်များကို အခြားနိုင်ငံများမှ value added ရသွားကြောင်းလည်း သိရှိခဲ့ရပါသည်။ ထို့ပြင် အတိုအစ အသေးအမွှားသားရေများကို ပြည်တွင်းဖိနပ်လုပ်ငန်းများအတွက် ရောင်းချပါသည်။ ယခုအချိန်အခါတွင် သားရေအစားတရုတ်မှဈေးနှုန်းချိုသာသည့်ဖိနပ်အောက်ခံများဝင်ရောက်လာသည့်အတွက် ပြည်ပဝယ်လိုအားရော၊ ပြည်တွင်းဝယ်လိုအားပါ အလွန်နည်းသည့်အတွက် လုပ်ငန်းများအနေဖြင့် အရှုံးပေါ် လျက်ရှိသဖြင့် ဆက်လက် ရပ်တည်လုပ်ကိုင်ရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် လုပ်ငန်းများ ဆက်လက်ရပ်တည်နိုင်ရန်အတွက် အများစုမှ ချေးငွေပိုမိုလွယ်ကူစွာ ရယူနိုင်စေရန်ဖြည့် ဆည်းပေးခြင်း၊နည်းပညာရယူလိုခြင်း (စက်ယန္တရား မရှိ/ Innovation/ value added/ mechanism)၊ဈေးကွက်ရှာဖွေတင်ပို့ခြင်းဆိုင်ရာ အကူအညီပေးခြင်းနှင့် labor charges အခက်အခဲဖြစ်ခြင်းတို့ကို ဖြေကြားခဲ့ပါသည်။

## ၄။ ဖိနပ်လုပ်ငန်း

ဖိနပ်လုပ်ငန်းအများစုသည် ဝယ်လိုအားမှာ တစ်နှစ်ထက်တစ်နှစ်နည်းလာပါသည်။ တရုတ်ဖိနပ်များ ဈေးချိုသာစွာဖြင့် ဈေးကွက်အတွင်းသို့ ရောက်ရှိလာသဖြင့် မြန်မာ့ရိုးရာသားရေဖိနပ်များ ဝယ်ယူမှုအားနည်းလာခြင်း၊ ဖိနပ်လုပ်ငန်းသည် အချိန်ယူပြီး အနုစိတ်လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်သဖြင့် ယင်းဖိနပ်လုပ်ငန်းအတွက် လုပ်သားရှားပါးမှုများ ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် အများစုမှ ချေးငွေ ပိုမို လွယ်ကူစွာ ရယူနိုင်စေရန်ဖြည့်ဆည်းပေးခြင်း၊ နည်းပညာရယူလိုခြင်း၊ ဈေးကွက်ရှာဖွေတင်ပို့ခြင်းဆိုင်ရာ အကူအညီပေးခြင်းတို့ကို ဖြေကြားခဲ့ပါသည်။

## ၅။ ဆီလုပ်ငန်း

မြင်းခြံမြို့နယ်ရှိ ဆီလုပ်ငန်းအများစုမှာ ဝယ်လိုအားနည်းသည့်အတွက် လုပ်ငန်းကို (၁၂) လလုံး မလည်ပတ်နိုင်ခြင်း၊ နဝလီသာ လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းရပ်ဆိုင်းခြင်းစသည်ဖြင့် တွေ့ရှိရပါသည်။ ကုန်ကြမ်းအနေဖြင့်လည်း ပြည်ပတင်ပို့မှုများရှိသကဲ့သို့ ကုန်ချောအနေဖြင့်လည်း ပြည်ပ တင်သွင်းမှုများဖြင့် ကြုံတွေ့နေရပါသည်။ ကုန်ကြမ်းရရှိရာတွင်လည်း အရည်သွေး ပြည့်ဝမှုများမရရှိသည့်အပြင် ပြည်ပတင်ပို့မှုကြောင့် လုံလောက်စွာလည်း ဝယ်ယူမရရှိပါ။ ကုန်ချောအနေဖြင့်လည်း ပြည်ပမှတင်သွင်းသည့် စားအုန်းဆီမှာ ဈေးနှုန်းချိုသာသဖြင့် ဝယ်သူအများစုမှာ ဈေးနှုန်းတစ်ခုတည်းကိုသာ ကြည့်ကာ ဝယ်ယူစားသုံးကြပါသည်။ အဘယ်ကြောင့် ဆိုသော် မြန်မာနိုင်ငံရှိ အများစုမှာ သာမန်လူတန်းစား ဆင်းရဲကြသဖြင့် ဈေးနှုန်းသက်သာသည့် စားအုန်းဆီကိုသာ သုံးစွဲကြပါသည်။ ယင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ချေးငွေပိုမိုလွယ်ကူစွာ ရယူနိုင်စေရန် ဖြည့်ဆည်းပေးခြင်း၊ ကုန်ကြမ်းရရှိမှုနှင့် ဈေးကွက်ရှာဖွေတင်ပို့ခြင်းဆိုင်ရာ အကူအညီပေးခြင်းတို့ကို ဖြေကြားခဲ့ပါသည်။

ယင်းလုပ်ငန်းအများစုတွင် လုပ်ကိုင်ကြသည့် အလုပ်သမားအများစုမှ ကျွမ်းကျင် လုပ်သားများဖြစ်ကြပါသည်။ ထိုသို့ ကျွမ်းကျင်လုပ်သားများဖြစ်ရန်အတွက်လည်း အလုပ်သင်ဘဝမှ စတင်ကာ နှစ်ပေါင်းများစွာ လုပ်ကိုင်မှာ ကျွမ်းကျင်လုပ်သားဖြစ်ကြပါသည်။ ယင်းလုပ်ငန်းများတွင် ဒေသအတွင်း ကျွမ်းကျင်လုပ်သားရှားပါးမှုများ ကြုံတွေ့နေရပါသည်။ ကျွမ်းကျင်လုပ်သားများအနေဖြင့် ပြည်တွင်းလုပ်ခထက် ပိုမိုများသည့် ပြည်ပနိုင်ငံများ (မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံ) များသို့ သွားရောက်လုပ်ကိုင်သည်ဟု သိရှိရပါသည်။ ယင်းလုပ်ငန်းများ၏ ကုန်ကြမ်းအရင်းအနှီးများသဖြင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ချေးငွေပိုမိုလွယ်ကူစွာ ရယူနိုင်စေရန် ဖြည့်ဆည်းပေးခြင်းနှင့် ဒေသအတွင်း ကျွမ်းကျင်လုပ်သားရှားပါးခြင်းတို့ကို ဖြေကြားခဲ့ပါသည်။

## ၆။ သနပ်ခါးလုပ်ငန်း

သနပ်ခါးသည် မြန်မာ့ရိုးရာအမွေအနှစ်ဓလေ့တစ်ခုလည်းဖြစ်ပါသည်။ သနပ်ခါးလုပ်ငန်းအနေဖြင့် အရည်အသွေးစစ်ဆေးသည့်အဖွဲ့မှ သနပ်ခါးတုံးအခေါက်များကို ဓားဖြင့် ခုတ်ထစ်မည့်အစား စက်ကိရိယာဖြင့် ခုတ်ထစ်သည့် စက်ယန္တရားအသုံးပြုလိုခြင်း၊ သနပ်ခါးကို



ရှံ့ဖြင့်ရောစပ်ရာတွင်လည်း ဓာတ်ခွဲစစ်ဆေးသည့် လက်မှတ်ပြစေလိုခြင်း၊ သနပ်ခါးအစိုအနှစ်များကို ပုံစံခွက်ထဲသို့ထည့်ရာတွင် လက်ဖြင့် ပြုလုပ်ခြင်းထက် စက်ကိရိယာများဖြင့် အသုံးပြုလိုခြင်း၊ ပြုလုပ်ပြီးသည့် သနပ်ခါးကို သဘာဝနေနှင့် လေ အခြောက်ခံခြင်းထက် စက်ကိရိယာများဖြင့် ပြုလုပ်လိုခြင်း စသည့်အခက်အခဲများအတွက် နည်းပညာအကူအညီလိုအပ်ခြင်းများ တွေ့ရှိရပါသည်။ သနပ်ခါးလုပ်ငန်းရှင်အနေဖြင့် အရည်အသွေးပြည့်မီ အန္တရာယ်ကင်းစင်စေရန် စစ်ဆေးမှုများအတွက် ၎င်းတို့အနေဖြင့် လိုက်နာဆောင်ရွက်လိုသော်လည်း နည်းပညာအကူအညီပေးခြင်းများ မရှိဟုသိရှိရပါသည်။ ယင်းလုပ်ငန်းများအနေဖြင့် နည်းပညာအကူအညီ ပေးစေလိုခြင်းကို ဖြေကြားခဲ့ပါသည်။

## ၇။ သံပန်း/သံတံခါးနှင့် တွင်ကုန်လုပ်ငန်း

ယင်းလုပ်ငန်းအများစုတွင် လုပ်ကိုင်ကြသည့် အလုပ်သမားအများစုမှ ကျွမ်းကျင်လုပ်သားများဖြစ်ကြပါသည်။ ထိုသို့ ကျွမ်းကျင်လုပ်သားများဖြစ်ရန်အတွက်လည်း အလုပ်သင်ဘဝမှ စတင်ကာ နှစ်ပေါင်းများစွာ လုပ်ကိုင်မှာ ကျွမ်းကျင်လုပ်သားဖြစ်ကြပါသည်။ ယင်းလုပ်ငန်းများတွင် ဒေသအတွင်း ကျွမ်းကျင်လုပ်သားရှားပါးမှုများ ကြုံတွေ့နေရပါသည်။ ကျွမ်းကျင်လုပ်သားများအနေဖြင့် ပြည်တွင်းလုပ်ခထက် ပိုမိုများသည် ပြည်ပနိုင်ငံများ (မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံ) များသို့ သွားရောက်လုပ်ကိုင်သည်ဟု သိရှိရပါသည်။ ယင်းလုပ်ငန်းများ၏ ကုန်ကြမ်းအရင်းအနှီးများသဖြင့် တစ်နိုင်တစ်ပိုင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ချေးငွေပိုမိုလွယ်ကူစွာ ရယူနိုင်စေရန် ဖြည့်ဆည်းပေးခြင်းနှင့် ဒေသအတွင်း ကျွမ်းကျင်လုပ်သားရှားပါးခြင်းတို့ကို ဖြေကြားခဲ့ပါသည်။

## ၈။ စက်ယက္ကန်းလုပ်ငန်း

ဝမ်းတွင်းမြို့နယ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအများစုမှာ စက်ယက္ကန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ စက်ယက္ကန်းလုပ်ငန်းများအနေဖြင့် ချည်ထည်(လုံချည်နှင့် ပုဆိုး) များကို ယက်လုပ်လျက်ရှိပါသည်။ ယခုနှစ်မှာ လုပ်ငန်းအနေဖြင့် ဝယ်လိုအားနှေးခြင်း၊ ကုန်ကြမ်း ဈေးကြီးနေသော်လည်း အရှုံးမပေါ်သေးဘဲ အရင်းသာသာဖြင့် မြတ်ဆဲအခြေအနေ ဖြစ်ပေါ်နေသည်ကို သိရှိခဲ့ရပါသည်။ အားနည်းချက်အနေဖြင့် ဒေသအတွင်း ကျွမ်းကျင်လုပ်သားထက် ကုန်ထုတ်လုပ်မှုပမာဏ (တစ်နိုင်တစ်ပိုင်စက်ယက်ကန်းလုပ်ငန်းများစွာ မြို့မနှင့် ကျေးလက်များတွင် တည်ထောင်နိုင်ကြ)များပြားမှုများ တွေ့ရှိရပါသည်။ သို့ရာတွင် နောက်မှတည်ထောင်သည့် ငွေကြေးတတ်နိုင်သော စက်ယက္ကန်းလုပ်ငန်းများသည် ကျွမ်းကျင်လုပ်သားများ၏ အားနည်းချက် (ငွေကြေးလိုအပ်ခြင်း)ကို စောင့်ကြည့်ပြီး လက်ရှိလုပ်ငန်းရှင်ထံမှ ကြိုတင်ယူထားခဲ့သော ငွေပမာဏထက် ကျော်လွန်ပြီး မက်လုံးပေး ခေါ်ယူသည့်အတွက် လုပ်သားများအနေဖြင့် နေရာသစ်ဆီသို့ပြောင်းရွှေ့သွားကြပါသည်။ ထိုအချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် ဖောက်သည်ရှိနေသော်လည်း လုပ်သား အခက်အခဲကြောင့် ကုန်ထုတ်လုပ်မှုပမာဏမရှိခြင်း၊ ကုန်ကြမ်းပစ္စည်းများကိုလည်း အချိန်အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းပြီး ရင်းနှီးမြှုပ်နှံကြရပါသည်။ အချို့လုပ်ငန်းများတွင် လုပ်သားများအနေဖြင့် အလုပ်ရှင်များထံမှ ကြိုတင်ငွေများ မဆပ်ဘဲ တခြားတစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့လုပ်ကိုင်နေသူများကြောင့် အလုပ်ရှင်များသည် အလွတ်ချေးငွေများအတွက် အတိုးနှင့် အရင်းပေးဆပ်နေသော်လည်း တစ်ဖက်တွင် ထုတ်လုပ်မှုမရှိသည့်အတွက် ဝင်ငွေမရဘဲ ဒုက္ခများနှင့် ကြုံကြိုက်ကြရပြီး လုပ်ငန်းများရပ်ဆိုင်းရသည်အထိ တွေ့ရှိခဲ့ရပါသည်။

စက်ယက္ကန်းများတွင် လုပ်ကိုင်ကြသည့် အလုပ်သမားအများစုသည် စာမသင်ခဲ့ရသူများနှင့် မူလတန်းပညာအဆင့်ရှိသူအများစုသာ ဖြစ်ကြပါသည်။ ၎င်းတို့၏ အသက်ကိုမသိရှိသကဲ့သို့ စဉ်းစားတွေးခေါ် ဉာဏ်လည်း နည်းပါးကြပါသည်။ ဝမ်းတွင်းမြို့နယ်ဒေသအနေဖြင့် ချည်ထည်လုပ်ငန်းသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည့် အတွက် မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ငန်းရှင်က သင်တန်းပေးခဲ့ရခြင်းမျိုးမရှိပါ။ အချို့ကလေးငယ်များသည် အသက်(၈)နှစ်လောက်ဖြင့် လုပ်ကိုင်နေသည့်သူများလည်းရှိပါသည်။ ခြုံငုံသုံးသပ်မည်ဆိုလျှင် အလုပ်ရှင်များကလည်း Business Ethnic မရှိသကဲ့သို့ အလုပ်သမားများကိုလည်း Department of Labor တွင်တရားဝင်စာရင်းသွင်း မခန့်ထားသည့်အတွက် ပြဿနာများကြုံချိန်တွင် အလုပ်သမားဥပဒေမရှိသဖြင့် ဖြေရှင်းရန် ခက်ခဲမှုများ ကြုံတွေ့ရလျက်ရှိပါသည်။

## ၉။ ဆန်စက်

ဆန်စက်လုပ်ငန်းများကို မြင်းခြံမြို့နယ်တွင် ကောက်ယူရန်မပါရှိသော်လည်း ဝမ်းတွင်းမြို့နယ် ကျေးလက်များတွင် နမူနာလုပ်ငန်းများကို သွားရောက်ကောက်ယူခဲ့ပါသည်။ ယခုအချိန်အခါတွင် ဆန်စက်လုပ်ငန်းအများစုသည် လုပ်ငန်းအခြေအနေမကောင်းတော့ဘဲ ရပ်ဆိုင်းသည့်လုပ်ငန်းများရှိသကဲ့သို့နဝလီသာလုပ်ကိုင်သည့် လုပ်ငန်းများလည်း တွေ့ရှိခဲ့ရပါသည်။ အဓိက အကြောင်းအရင်းမှာ နည်းပညာဖွံ့ဖြိုးလာသည့်အတွက် တရုတ်ဆန်စက်များဝင်လာသည့်အတွက် ယခင်မြန်မာဖြစ် ဆန်စက်များက မယှဉ်နိုင်တော့ခြင်းဖြစ်ပါသည်။ ယင်းနည်းပညာအသစ်ဖြင့် ဝင်လာသည့် တရုတ်ဆန်စက်လုပ်ကိုင်ရန် လျှပ်စစ်မီးရရှိရန်မှာ အဓိကဖြစ်ပါသည်။ ကျေးလက်အများစုတွင် လျှပ်စစ်မီး မရရှိသည့်အတွက် မိရိုးဖလားဆန်စက်ဖြင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်လျက်ရှိပါသည်။ တရုတ်ဆန်စက်ဖြင့် လုပ်ကိုင်လျှင် လူအင်အားသိပ်မလိုခြင်း(ကျောက်စရစ်ခဲ၊ ဖွဲ၊ ဆန်ကွဲ၊ စပါးခွံများကို စက်မှ အော်တိုခွဲပေးခြင်း)နှင့် ဆန်၏ အရည်အသွေးကောင်းမွန်ခြင်း(ဆန်မှာ ဖြူဖွေးနေခြင်း) တို့ကြောင့် ဝယ်သူများမှလည်း ကြိုက်နှစ်သက်ကြပါသည်။ ၂၀၁၇ ခုနှစ်တွင် ကုန်းကြမ်းဈေးကြီးပြီး ကုန်ချော ဈေးကျနေသည့်အတွက် အရောင်းအဝယ်အေးပြီး လုပ်ငန်းလည်ပတ်မှု အခြေအနေမကောင်းကြောင်း သိရှိခဲ့ရပါသည်။

## ၁၀။ တရားမဝင်လုပ်ငန်းများ (Informal)

ယခု MSME စစ်တမ်းကောက်ယူသည့် အခါ လုပ်ငန်းသေးငယ်သော informal များ၏ ကုန်ထုတ်လုပ်မှုပမာဏများသည်တရားဝင်လိုင်စင်ရှိသည့် မှန်လုပ်ငန်းကြီးများ၏ ကုန်ထုတ်လုပ်မှုပမာဏထက် ပိုမိုမြင့်မားနေသည်ကို သိရှိခဲ့ရပါသည်။ ယင်းအချက်မှာ Informal လုပ်ငန်းများသည် အခွန်လည်းမသိ၊ လိုင်စင်ခလည်း မပေးဆောင်ရသည့်အတွက် ၎င်းတို့၏ ထုတ်လုပ်မှုပမာဏနှင့် ဝင်ငွေများကို အမှန်တိုင်း ဖြေကြခြင်းကြောင့် ဖြစ်ပါသည်။ ယင်းလုပ်ငန်းအများစုများ ရပ်တည်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက လိုအပ်ချက်မှာ ချေးငွေ ပိုမိုလွယ်ကူစွာ ရယူနိုင်စေရန် ဖြည့်ဆည်းပေးခြင်းနှင့် ဈေးကွက်ရှာဖွေ တင်ပို့ခြင်းဆိုင်ရာ အကူအညီပေးခြင်း တို့ကို ဖြေကြားခဲ့ပါသည်။

## နိဂုံး

MSME စစ်တမ်းကောက်ယူခြင်းသည် မြန်မာနိုင်ငံတစ်နိုင်တစ်ပိုင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) တို့၏ စီးပွားရေးစာရင်းအင်းအမှန်များ မရရှိသော်လည်း ယင်းလုပ်ငန်းများ၏ အားနည်းချက်/အားသာချက်များကို သိရှိခဲ့ရပါသည်။ မိမိတို့မြေပြင်အခြေအနေ ကွင်းဆင်းကောက်ယူရရှိခဲ့သည့် ယင်းစစ်တမ်းမှ နိုင်ငံတော်တွက် လိုအပ်သော သက်ဆိုင်ရာ မူဝါဒများချမှတ်ရန် ကိန်းဂဏန်းအချက်အလက်များဖြင့် ပံ့ပိုးပေးနိုင်မည်ဖြစ်သောကြောင့် အကျိုးကျေးဇူးရရှိသည့် စစ်တမ်းတစ်ခုဖြစ်ပါကြောင်း မြင်းခြံမြို့နှင့် ဝမ်းတွင်းမြို့နယ်များမှ MSME စစ်တမ်း အတွေ့အကြုံဗဟုသုတများကို ရေးသားတင်ပြအပ်ပါသည်။




# နှုတ်ပြောသမိုင်းများမှ
# သက်သေတည်

| မြန္မာညီညွှိုင်(မော်ကွန်းတိုက်) |

နှုတ်ပြောသမိုင်း (Oral History)ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ နှုတ်မှ ပြောဆိုချက်များကိုဖြစ်စေ၊ လူတစ်စု၏ အပြန်အလှန်ပြောဆို ဆွေးနွေးချက်များကိုဖြစ်စေ အသံသွင်းတိတ်ခွေ၊ စီဒီ၊ ဒီဗွီဒီများဖြင့် ဖမ်းယူ၍ သိမ်းဆည်းထားသော မော်ကွန်းများကို ဆိုလိုပါသည်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟုဆိုရာ၌ အထူးသဖြင့် နိုင်ငံ၏အမျိုးသား ခေါင်းဆောင်ကြီးများ၊ အမျိုးသား လှုပ်ရှားမှု(သို့မဟုတ်)လွတ်လပ်ရေးတိုက်ပွဲများတွင် ကိုယ်တိုင်ပါဝင် လှုပ်ရှားခဲ့သူများကို ဆိုလိုပါသည်။ လူတစ်စု၏ အပြန်အလှန်ဆွေးနွေးပြောဆိုချက်များ၊ အစိုးရဌာန အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်စဉ်ပြောဆိုဆွေးနွေးချက်များ ပါဝင်ပါသည်။ (ဥပမာ -လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ ပြည်ထောင်စုညီလာခံဆွေးနွေးချက်များ၊ ပြည်သူ့လွှတ်တော် အစည်းအဝေးဆွေးနွေးချက်များ ဖြစ်ပါသည်။)

နိုင်ငံခေါင်းဆောင်များ၏ မာန်ပါသောပြောဆိုမှုမိန့်ခွန်းများသည် လူငယ်များအတွက် အတုယူဖွယ်၊ အားကျဖွယ်ဖြစ်ပြီး ဇာတိသွေးဇာတိမာန်ကို တက်ကြွစေသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များကို မွေးဖွားစေသည်။ အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကျောင်းသားဘဝမှ စစ်သေနာပတိချုပ်နှင့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်လာသည့်အထိ တိုင်းပြည်လွတ်လပ်ရေးအတွက် နေ့မနား၊ ညမအား ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ပြည်သူများသို့လည်း မူဝါဒများ၊ ညွှန်ကြားချက်များ၊ သတိပေးချက်များ၊ ပန်ကြားချက်များ ပါဝင်သည့် မိန့်ခွန်းများကို ပြောကြားသွားခဲ့သည်။ ဗိုလ်ချုပ်ပြောကြားခဲ့သော လမ်းညွှန်မှာကြားချက်များသည် တိုင်းရင်းသားပြည်သူများ၏ နှလုံးသားတွင် နက်ရှိုင်းစွာ ကိန်းအောင်းလျက် ရှိပါသည်။ ဤကဲ့သို့ နိုင်ငံခေါင်းဆောင်ကြီးများ၏ မိန့်ခွန်းများ၊ ဆွေးနွေးချက်များသည် သမိုင်းတန်ဖိုးရှိ မော်ကွန်းများဖြစ်သကဲ့သို့ ခေတ်အဆက်ဆက်ကိုယ်တိုင်ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၏ အတွေ့အကြုံများအား ပြောကြားသော နှုတ်ပြောသမိုင်း (Oral History) များသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းမှတ်တမ်းပြုစုရာတွင် တန်ဖိုးရှိသော မော်ကွန်းများ ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်က မြန်မာ့သမိုင်းဖြစ်ရပ်မှန် ရေးသားပြုစုရေးကိစ္စနှင့် ပတ်သက်၍ သုံးသပ်တင်ပြသည်မှာ 'သမိုင်းပြုစုရာတွင် ရှေ့နောက်စဉ်ဆက်မပြတ်ပြုစုမှ အကျိုးအကြောင်း ဆက်စပ်မည်ဟု ကျွန်တော်ယုံကြည်ကြောင်း ကျွန်တော်အထက်တွင် ပြောခဲ့ပြီးဖြစ်ပါသည်။ ဤတွင် ရေရှည်ပြုစုရမည့်အပိုင်းနှင့်လတ်တလောဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်များကို တိုင်းရင်းသားပြည်သူများ သိရှိစေရန် အချက်အလက် အမှန်များကို အခြေခံ၍ အကျဉ်းချုံးပြုစုသင့်သည့်အပိုင်းဟူ၍ ရှိသင့်သည်ဟု ထင်မြင်ပါသည်။ ထိုသို့ ပြောရခြင်းမှာ လွတ်လပ်ရေးရယူခဲ့သည့်အချိန်မှ ယနေ့အချိန်အထိ သမိုင်းပြုစုရာတွင် ရေးသားထားသည့် အထောက်အထားစာရွက်များ၊ ပစ္စည်းအထောက်အထားပေါ်တွင်ပြုစုရခြင်းရှိသည်ဖြစ်သကဲ့သို့ ရေးသားထားခြင်းမရှိသော ကာယကံရှင်များသာ သိရှိပြောဆိုနိုင်သော အကြောင်း အချက်များလည်း များစွာရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ အင်္ဂလိပ် လက်အောက်ရှိစဉ် နိုင်ငံရေး ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်ကြီးများ၊ တပ်မတော်၏ ဗီဇမျိုးစေ့ဝင်များဖြစ်ကြသည့်ရဲဘော်သုံးကျိပ်ဝင်များ၊ အသက်ထင်ရှားရှိနေဆဲအချိန်တွင် ရေးသားထားခြင်း မရှိသည့် ဖြစ်စဉ်များကိုမှတ်မိသရွေ့ပြောပြစေပြီး သမိုင်းအထောက်အထားအဖြစ်အမြန် ရယူပြုစုရန် လိုအပ်နေသည်ဟု ထင်မြင်ပါသည်'ဟူ၍ ဖြစ်ပါသည်။

**'တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံ ဥပဒေ'** ကိုရေးသားပြုစုရာတွင် သမိုင်းဆိုင်ရာ အထောက်အထားအချက်အလက်များနှင့် သမိုင်းဝင်ဓာတ်ပုံများကိုစုဆောင်း၍ အထောက်အထားများစွာတို့မှ အရေးပါသောစာပိုဒ်အချို့ကို ကောက်နုတ်၍ ကိုးကားဖော်ပြခဲ့သည့်အပြင် မြန်မာသမိုင်းတွင် ကိုယ်တိုင်ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သူများအနက် အသက်ထင်ရှားပုဂ္ဂိုလ်ကြီးများကို အတတ်နိုင်ဆုံးလက်လှမ်းမီသရွေ့ တွေ့ဆုံမေးမြန်းမှတ်တမ်းယူ၍ ဆောင်ရွက်ခဲ့ကြပါသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု၊ အဖွဲ့အစည်းတစ်ခုစတင်ဖြစ်ပေါ်လာသည်နှင့် မှတ်တမ်း ဟူသည် ရှိစမြဲဖြစ်ပါသည်။ မှတ်တမ်းဟူသည် နောင်လာနောင်သားများ မှီငြမ်းကိုးကားရန် သိမှတ်စရာတစ်ခုဖြစ်ပြီး စဉ်ဆက်မပြတ် လက်ဆင့်ကမ်းနိုင်ရန် လိုအပ်ပါသည်။ သမိုင်းမှတ်တမ်းတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု

၏ ဆောင်ရွက်ချက်ကို မီးမောင်း ထိုးပြနိုင်သော ပြယုဂ် တစ်ခုဖြစ်ပါသည်။ မှတ်တမ်းမော်ကွန်းအထောက်အထား များကို မပျက် မစီး လုံခြုံစွာ ထိန်းသိမ်းထားနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်ခြင်း ဖြစ်ပါ သည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် စတင်တည်ထောင်စဉ်ကပင် အမျိုးသားရေးကို ရှေ့ရှု လျက် မှတ်တမ်းများ ရယူစုဆောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သမိုင်းဆိုင်ရာ အထောက်အထား မှတ်တမ်းများ၊ စာချုပ်၊ စာချွန်လွှာများ၊ မြန်မာနိုင်ငံ ပြန်တမ်းများ၊ သမိုင်းဝင်ရှားပါးစာအုပ်များကို ထိန်းသိမ်း ထားရှိပါသည်။ ထိုအပြင် မော်ကွန်းများအား မှတ်တမ်း တင်ရိုက်ကူးထားသည့် မိုက်ခရိုဖလင်၊ မိုက်ခရိုဖစ်ချ်များ၊ မှတ်တမ်းဓါတ်ပုံများ၊ နှုတ်ပြောသမိုင်း (Oral History) အသံဖိုင်မှတ်တမ်းများဖြစ်သည့် နိုင်ငံခေါင်းဆောင်များ၏ မိန့်ခွန်းများ၊ ဆွေးနွေးချက်များအား စက္ကူမဟုတ် မော်ကွန်း (Non Paper Archives)အဖြစ် ထိန်းသိမ်းထား ရှိပါသည်။

ထိုအပြင် နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သမိုင်းဆိုင်ရာ ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ နှင့် တွေ့ဆုံ၍ နှုတ်ပြောသမိုင်း(OralHistory)ပြုလုပ်ခြင်း ဖြင့် အသံဖိုင်မှတ်တမ်းများ ရယူစုဆောင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ဦးစီးဌာနအနေဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများတွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ လုပ်ငန်း အတွေ့အကြုံများအား နှုတ်ပြောသမိုင်း (Oral History) ပြုလုပ်ခြင်းဖြင့် အသံဖိုင်မှတ်တမ်းများကို ရယူ စုဆောင်းလျက် ရှိပါသည်။

နှုတ်ပြောသမိုင်း(OralHistory)များသည် တန်ဖိုး မဖြတ်နိုင်သော မူရင်းသမိုင်း အထောက်အထားများ ဖြစ် ပါသည်။ ယင်းတို့သည် မော်ကွန်းတိုက်တွင် သိမ်းဆည်း ထားသော မော်ကွန်းများကို ပြီးပြည့်စုံအောင်သော်လည်း ကောင်း၊ နောက်ဆက်တွဲအနေဖြင့်သော်လည်းကောင်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ မော်ကွန်းဆိုင်ရာ စုဆောင်းမှုအတွက် တန်ဖိုးရှိသည့် အထောက်အကူဖြစ် ကာ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုများနှင့် သမိုင်းကြောင်းများကို ပေါ် လွင်ထင်ဟပ်စေပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် သမိုင်းဆိုင်ရာ၊ ပညာ ရပ်ဆိုင်ရာနယ်ပယ်အသီးသီးမှ အသိပညာရှင် အတတ် ပညာရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်း အတွေ့အကြုံများအား သမိုင်းမော်ကွန်းတင်နိုင်ရန် အမျိုး သားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန၏ နှုတ်ပြော သမိုင်း (Oral History) အစီအစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအတွက် နှုတ်ပြောသမိုင်းများမှ သက်သေတည်နိုင်ကြပါစေဟု ဆန္ဒပြုတင်ပြလိုက်ပါသည်။

**ကိုးကား။ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံ ဥပဒေ**



# လူမှုပါရာဒိုင်းများနိမ့်ကျသွားခြင်း

မိုးခ

“ကျွန်တော့်သားက အရမ်းလည်နေပြီ။အသက်က ၃ နှစ်မပြည့်သေးဘူး။ ဖုန်းနဲ့ ဂိမ်းတွေဘာတွေတောင်ဆော့တတ်နေပြီ”

“ဟုတ်လား။ တော်တော်လည်နေပြီပဲ။ အိမ်က ကျွန်မသမီးက ပိုလည်တယ်တောင် ပြောလို့ရတယ်။ သူဆို ဖုန်းလည်းဆက်တတ်နေပြီ။ အင်တာနက်လည်း ကြည့်တတ်နေပြီလေ”


ရုံးမှာ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် အစ်ကိုနဲ့ အစ်မက သူတို့သားသမီးတွေ လည်ကြောင်း၊ တတ်ကြောင်းကို အပြန်အလှန်ကြွားလုံးထုတ်နေကြခြင်းဖြစ်သည်။ သူတို့စကားသံတွေကို နားထောင်အပြီးမှာ ကျွန်တော့်ခေါင်းထဲ အတွေးများစွာဝင်လာခဲ့သည်။

အခုခေတ်ကလေးတွေ အရွယ်ရောက် မြန်လာတာကတစ်ပိုင်း၊ ဒါကိုမိဘတွေက စနစ်တကျ အုပ်ထိန်းမှု မရှိဘဲ ဖုန်းတစ်လုံး၊ တက်ဘလက် (Tablet)တစ်လုံးပေးပြီး လွှတ်ထားပါက ကလေးတွေ ဘယ်လိုဖြစ်လာကြမလဲ။ ဒီလိုအရွယ်လေးတွေက အတုမြင် အတတ်သင် ကြီးပြင်းလာတာပဲဖြစ်ပြီး အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားနိုင်ဦးမည်မဟုတ်ပေ။ ထို့ပြင် နည်းပညာရဲ့ ဘေးထွက်ဆိုးကျိုးတွေဖြစ်သည့် အရွယ်မတိုင်ခင် မျက်မှန်တပ်ဆင်ရခြင်း၊ အာရုံကြောအားနည်းခြင်း၊ အထိုင်များပြီး အားအင်ချိနဲ့ ခြင်း၊ ကိုယ်ခန္ဓာ သွေးကွေးကျုံ့လှီခြင်းတို့ကိုလည်း ကြုံတွေ့နိုင်သည့် အန္တရာယ်တွေရှိပေသည်။

အမှန်တော့ မိဘတွေအနေနဲ့ ဒီလိုအရွယ် မရောက်သေးသည့် ကလေးငယ်တွေ၊ အသိဉာဏ် မရင့်ကျက်နိုင်သေးသည့် ကလေးငယ်တွေကို အင်တာနက်ပေးသုံးခြင်း၊ ငြိမ်နေရင်ပြီးရော ဖုန်းအသုံးပြုခွင့်ပေးထားခြင်းမျိုးကို သတိပြုဆင်ခြင်သင့်ပါသည်။ တကယ်တော့လည်း အခုခေတ်မိဘတော်တော်များများက ဒါဟာ အန္တရာယ်လို့ မယူဆကြတော့ဘဲ ဂုဏ်ယူစရာလို့ လွဲမှားစွာ ယူဆနေကြလေသည်။

ဒီလိုနဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ထင်မြင်ယူဆချက် (perception) လွဲမှားရာကနေ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ထင်မြင်ယူဆချက် (paradigm) များလည်း လွဲမှားကုန်ကြပါသည်။ ထိုမှတစ်ဆင့် ပါရာဒိုင်းများ နိမ့်ကျမှု (paradigm deficit) ဖြစ်လာရပါသည်။

စာရေးသူတို့ ငယ်စဉ်ကဆို အိုင်တီနည်းပညာတွေကောင်းစွာ မဖွံ့ဖြိုးမတိုးတက်သေးသည့်အတွက် ယင်း၏ နောက်ဆက်တွဲကောင်းကျိုးဆိုးကျိုးများကို သိပ်မခံစားခဲ့ရပါ။ ကျောင်းနေသည့်အရွယ် ၁၉၉၃ ခုနှစ်များမှသည် တက္ကသိုလ်ပညာမသင်ကြားခင်အချိန် (၂၀၀၅) အထိ ရွာမှာကြိုးဖုန်းတောင် မရှိခဲ့သလို အဖြူအမည်းတီဗွီ (black and white television) လေးတွေသာ ရှိခဲ့သည်။ ကာလာတီဗွီရှိသည့်သူဆိုလို့ ဗီဒီယိုရုံပိုင်ရှင်တစ်ဦးသာ ရှိခဲ့သည်။ ညဘက်တွေ စောစော အိပ်ယာဝင်လေ့ရှိကြသည်။ များသောအားဖြင့် ကလေးငယ်တွေကို လူကြီးမိဘတွေက ညအိပ်ယာဝင်ပုံပြင်တွေ ပြောပြလေ့ရှိသည်။ ရွှေယုန်



နှင့် ရွှေကျားပုံပြင်၊ ယုံနှင့်လိပ်ပုံပြင်၊ ကောက်ကျစ်သော မြေခွေးအကြောင်း၊ ရိုးဖြောင့်သော သစ်ခုတ်သမားပုံပြင် အစရှိသဖြင့် လူငယ်တွေ အပျင်းပြေစေဖို့နဲ့ လိမ္မာရေးခြားရှိစေဖို့ ပုံပြင်တွေပြောဆိုဆုံးမခဲ့ကြသည်။

အဖေ့ရဲ့ ဉာဏ်အမြော်အမြင်ကြီးမားမှုကြောင့်လည်း စာရေးသူတို့ကလေးတစ်သိုက် စာဖတ်ဝါသနာပါခဲ့ကြသည်။ ငယ်စဉ်အခါကတည်းက စာဖတ်ဝါသနာပါအောင် လေ့ကျင့်ပေးခဲ့သည်။ ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း၊ မြဝတီ၊ မဏိဇောတ၊ မြတ်မင်္ဂလာ စာစောင် စသည်ဖြင့် ကလေးတွေစိတ်ဝင်စားနိုင်သည့် ဉာဏ်ရည်လည်းမီမည့် စာအုပ်စာပေတွေကို ဝယ်ယူကာသူ၏တပည့်တွေကို ဖတ်စေခဲ့သည်။ လက်ဦးဆရာလည်းဖြစ် မူလတန်းကျောင်းအုပ်ဆရာ ကျေးဇူးရှင်ဖခင်ကြီး၏ ကျေးဇူးများက ကြီးမားလှပေစွ။

အဖေ့တပည့်တွေ တော်တော်များများ ပညာတတ်ဘွဲ့ရတွေဖြစ်ကာ လောကကောင်းကျိုး အလှဆင်နေကြပြီဖြစ်ပါသည်။ အနည်းငယ်သော စုန်းပြူးလေးတွေကလွဲလို့ပေါ့။ တချို့လည်း မိဘချို့တဲ့လို့ မတတ်သာတဲ့အဆုံး ကျောင်းထွက်လိုက်ရပြီးတချို့ကျ ကိုယ်တိုင်က ပညာမလိုချင်တော့ တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်လိုက်ကြသည်။

ခေတ်ကားအရှိန်အဟုန်မပျက် တိုးတက်နေပါသည်။ သို့သော် လူတို့၏ အသိဉာဏ်များကား လိုက်ပါတိုးတက်မလာပါ။ ဆင်ခြင်တုံတရားတွေ ကင်းမဲ့လာကြသည်။အယုံလွယ်လာကြသည်။ စာနာစိတ်တွေ နည်းပါးလာကြသည်။ တစ်ယောက်က တစ်ခုခုလုပ်မယ်ဆို နောက်တစ်ယောက်က မကောင်းပြောဖို့ ဝန်မလေးကြတော့။ ပူးပေါင်းဆောင်ရွက်မှု အားနည်းလာကြသည်။ အစိုးရရုံးဌာနတွေမှာဖြစ်ဖြစ်၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာဖြစ်ဖြစ်၊ လူအဖွဲ့အစည်းတစ်ခုလုံးမှာ စည်းလုံးညီညွတ်မှု ပြိုကွဲနေကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်နေရလေသည်။

စနစ်ဆိုးအောက်မှာ ရှင်သန်ကြီးပြင်းခဲ့ရပြီး စီမံခန့်ခွဲမှုအလွဲများကြောင့် ပညာရေးစနစ် ပျက်စီးခဲ့ရသည်။ အဆင့်နိမ့်ပညာရေးကြောင့် အသိဉာဏ်ချို့တဲ့မှု (knowledge deficit) ဖြစ်ကုန်သည်။ စားဝတ်နေရေးကျပ်တည်းမှုကြောင့် ပညာမသင်နိုင်၊ ပညာမတတ်။နည်းပညာတွေကို ဖိမ်ခံတဲ့နေရာနဲ့ အပျင်းပြေဖို့အတွက်သာ အသုံးချပြီး စာမဖတ်ကြတော့ တစ်ခုခုဆို အယုံလွယ်ကုန်သည်။ အကျိုးဆက်အနေဖြင့် ထစ်ခနဲရှိ ဆဲဆိုရန်ဖြစ်ကြသည်။ တစ်ယောက်နဲ့ တစ်ယောက် အကောင်းမမြင်ကြတော့ဘဲ အဆိုးသံသရာ (vicious cycle)ထဲ လည်ကုန်ကြသည်။

အားလုံးပဲသိရှိကြသည့်အတိုင်း အစိုးရအနေဖြင့် ယနေ့အချိန်အခါတွင် ငြိမ်းချမ်းရေးရရှိဖို့အတွက် အင်တိုက်အားတိုက် လုပ်ဆောင်နေပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်။ ပြည်သူတစ်ယောက်အနေဖြင့် သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် သော်လည်းကောင်း စစ်မှန်သော ငြိမ်းချမ်းရေးရရှိဖို့ မျှော်လင့်မိသည်။ ငြိမ်းချမ်းရေးရမှ စစ်အသုံးစရိတ်တွေ လျှော့ချနိုင်မည်ဖြစ်သလို၊ စစ်ဘေးသင့်ဒေသတွေအတွက် ကုန်ကျမည့် ဘတ်ဂျက်တွေကို တိုင်းပြည်အတွက်အရေးကြီးလိုအပ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေမှာ တိုးမြှင့်သုံးစွဲနိုင်မှာမဟုတ်လား။ ဒါကို အစိုးရအနေနဲ့ ကောင်းကောင်းသိသည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဦးဆောင်ပြီး ငြိမ်းချမ်းရေးအတွက် အထူးကြိုးစားနေပါသည်။

စာရေးသူတို့ ပြည်သူတွေအနေနဲ့လည်း ငြိမ်းချမ်းရေးအတွက် တစ်ဖက်တစ်လမ်းက မကူညီနိုင်ခဲ့ရင်တောင် ဖျက်လိုဖျက်ဆီး မပြုလုပ်သင့်ပါ။ အထူးသဖြင့် ထင်ယောင်ထင်မှား အရေးအသားတွေ၊ အပြုအမူ အပြောအဆိုတွေကို ကိုယ်တိုင်လည်း မပြုလုပ်သင့်သလို တခြားသူများလုပ်သည်ကို တွေ့ပါကလည်း ချင့်ချိန်သုံးသပ်ယုံကြည်ကြဖို့ အကြံပြုလိုပါသည်။

တစ်ဦးတစ်ယောက်ချင်းစီက အသိဉာဏ်တွေ မြင့်မားနေရင် သွေးထိုးလှုံ့ဆော်မှုတွေ၊ သပ်လျှိုသွေးခွဲမှုတွေကိုကြောက်စရာမလိုတော့ပါ။ ဒီအတွက် စာရေးသူတို့ စာဖတ်ဖို့လိုပါသည်။ မိဘတွေကိုယ်တိုင်လည်း စာဖတ်သင့်သလိုမိမိရင်သွေးငယ်တွေ စာဖတ်ဝါသနာပါအောင်၊ စာဖတ်လာအောင် ပြုလုပ်ပေးသင့်ပါသည်။ စာဖတ်ခြင်းဖြင့် ဗဟုသုတတွေတိုးပွားလာပြီး နှလုံးသားတွေ နူးညံ့လာမည်ဖြစ်သည်။ အချင်းချင်းမေတ္တာတရားဖြင့် ဆက်ဆံလာကြမည်။ တစ်ဦးကိုတစ်ဦး ယုံကြည်မှုရှိရှိ နားလည်မှု ရှိရှိဖြင့်အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် လုပ်ငန်းများအောင်မြင်ဖြစ်သလို တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်သည်။

တစ်ယောက်ချင်းစီ၏ အသိဉာဏ်တွေမြင့်မားဖို့ စာဖတ်ဖို့လိုသည်။ စာနာစိတ်ဖြင့် တစ်ဦးကိုတစ်ဦးဖေးမကူညီပေးဖို့လိုသည်။ သို့မှသာ တစ်ယောက်ချင်းစီ၏ ထင်မြင်ယူဆချက် (perception)တွေ ကောင်းလာမည်။ ထိုမှ တစ်ဆင့် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ထင်မြင်ယူဆချက် (paradigm) များလည်းကောင်းလာမည်ဖြစ်သည်။ လူမှုပါရာဒိုင်းတွေ နိမ့်ကျနေသည်နှင့်အမျှ အချင်းချင်း ပြုစုစောင်းမြောင်း၊ အပြစ်တင်ရှုတ်ချ၊ ဝေဖန်တိုက်ခိုက်နေမည်သာဖြစ်သည်။ ထို့ကြောင့် လူမှုပါရာဒိုင်းတွေ မြင့်မားဖို့ စာဖတ်ဖို့လိုပါသည်။ စည်းလုံးညီညွတ်မှုရှိဖို့ စာဖတ်ဖို့လိုပါသည်။ မိမိရင်သွေးလေးတွေနဲ့ နောက်မျိုးဆက်သစ်တွေအတွက် စာဖတ်ဖို့လိုပြီဖြစ်ကြောင်း အလေးအနက်ထား တိုက်တွန်းလိုက်ရပါသည်။

# ပြည်သူပိုင်ပစ္စည်းနှင့် ထိန်းသိမ်းစောင့်ရှောက်မှု



| ဝင်းဝင်းဝါ |

ပြည်သူပိုင်ပစ္စည်းဟူသော အဓိပ္ပာယ်ကို သင်သိပါသလား။ အများသူငါ သိရှိနေကြသည့် ပြည်သူပိုင်ပစ္စည်းသည် တိုင်းသူပြည်သားများအားလုံး သွားရောက် ကိုင်တွယ် တွေ့ထိ အသုံးပြုနိုင်သောပစ္စည်းများဟု ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပါသည်။ ပြည်သူများက ပိုင်ဆိုင်သည်ဟု ဆိုရာဝယ် တိုင်းသူပြည်သားများ နေထိုင်ရာနေရာ ဒေသ နိုင်ငံတစ်လွှားရှိ ပတ်ဝန်းကျင်၊ အဆောက်အဦ၊ နေအိမ်၊ ရုံး၊ ဈေး၊ ကစားကွင်း၊ ပန်းခြံစသည့် နေရာများစွာ တွင်ရှိသော ပစ္စည်းတိုင်းသည် တိုင်းသူပြည်သားများနှင့် သက်ဆိုင်နေသည့် ပြည်သူပိုင် ပစ္စည်းများပင် ဖြစ်ပါသည်။

ဥပဒေပညာရပ်တွင် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက် ဥပဒေအရ ပုဒ်မ ၂(၁) တွင် ပြည်သူပိုင်ပစ္စည်းဆိုသည်မှာ မြန်မာနိုင်ငံတွင် အမှုထမ်းလျက်ရှိသည့် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ကဖြစ်စေ၊ မြန်မာနိုင်ငံအစိုးရကဖြစ်စေ၊ ဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် ဒေသန္တရအာဏာပိုင်ကဖြစ်စေ ပိုင်ဆိုင်သော အသုံးပြုရန် ရည်ရွယ်သော ၎င်းတို့ကို လွှဲအပ်ထားသော သိုလှောင်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်း ကိရိယာ(သို့) အခြားပစ္စည်းတစ်ခုခုကို ဆိုလိုပါသည်။

အဆိုပါပစ္စည်းများကို ခွင့်ပြုချက်မရဘဲ လက်ဝယ်ထားရှိခြင်း၊ ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ အကျိုးဖျက်စီးခြင်းများ ပြုလုပ်ပါက ဤဥပဒေပုဒ်မ-၆(၁)အရ ထောင်ဒဏ်(၇)နှစ်အထိ အရေးယူ အပြစ်ပေးခြင်း ခံရမည့် အပြင် ငွေဒဏ်လည်း ချမှတ်ခံရမည်ဖြစ်သည်။

ထိုသို့ဆိုလေရာ နေရာအနှံ့အပြားရှိ ပြည်သူပိုင်ပစ္စည်းအားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်သည်လည်း တိုင်းသူပြည်သားတိုင်းတွင် ရှိပေသည်။

ပြည်သူပိုင်ပစ္စည်းကို တိုင်းသူပြည်သားတို့ မည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်နိုင်သနည်း။ လူအများကို မစဉ်းစားဘဲထားဦး၊ တစ်ဦးတည်းကိုယ်တိုင် မည်သို့ထိန်းသိမ်းသင့်ပါသနည်း။ မိမိသည် ဝန်ထမ်းတစ်ဦးဖြစ်၍ ဝန်ထမ်းနယ်ပယ်မှ စတင်လိုပါသည်။ နိုင်ငံအနှံ့အပြားတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည်လည်း တိုင်းသူပြည်သား များဖြစ်ပေရာ ပြည်သူပိုင်ပစ္စည်း ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဝန်ထမ်းတိုင်းနှင့်လည်း သက်ဆိုင်နေပါသည်။ ဝန်ထမ်းတစ်ဦးချင်းသည် မိမိနှင့် ဆက်စပ်ပတ်သက်နေသော ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်၊ အဆောက်အဦစသော ပြည်သူပိုင်ပစ္စည်းတိုင်းကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ပင် တန်ဖိုးထားတတ်ရန်လိုပေသည်။

ရန်ကုန်မြို့မှ ရုံးများအားလုံးနီးပါး နေပြည်တော်သို့ ပြောင်းရွှေ့လာကြပြီဖြစ်သောကြောင့် ဝန်ထမ်းတိုင်းသည် လာရောက်တာဝန်ထမ်းဆောင်ရသဖြင့် နိုင်ငံတော်မှ အိမ်ထောင်သည်များအား အိမ်ရာများတွင်နေစေ၍ လူပျို၊ အပျိုများကို အဆောင်များတွင် နေထိုင်စေခဲ့ပါသည်။ ဝန်ကြီးဌာနရုံးများသို့ စီစဉ်ပေးသည့် ကြို/ပို့ကားများဖြင့် အေးချမ်းစွာ ရုံးတက်ကြရပေသည်။ ထိုအခါ ထိန်းသိမ်းစောင့်ရှောက်ရမှုသည် ရုံးများတွင်သာမက အိမ်ရာနှင့် အဆောင်များတွင်ပါ တာဝန်တစ်ရပ်အနေဖြင့် ရှိလာပေသည်။ မိသားစုအိမ်ရာများ တည်ဆောက်ထားပုံအနေဖြင့်

အထပ်မြင့် တိုက်များဖြစ်ရာ ဆင်ဝင်အောက်တွင်၎င်း၊ လှေခါး အတက်အဆင်းလျှောက်လမ်းများတွင်လည်း ကောင်း၊ မီးလုံးများကို လမ်းမီးဖြင့် သွယ်တန်းပေးထား သည်ကို တွေ့ရပါသည်။

ထိုသို့ လမ်းမီးများအား အခမဲ့အသုံးပြုခွင့် ပေး ထားလျှင် ထိုအိမ်ရာတွင်နေထိုင်သော လူတိုင်းသည် မီလုံးကျွမ်းသွားလျှင် မီးလုံးအစားပြန်တပ်ဖို့တာဝန် မရှိ ပေဘူးလား။ ထို့အပြင် မိမိမီတာခထဲမှမပါ၍ မနက် မိုးလင်းနေရင်တောင်မှ မီးပိတ်ခြင်းမရှိဘဲ မေ့လျော့၍ရော နေသင့်ပါသလား။ မိမိသွားမည့်ပတ်လမ်းတစ်လျှောက်နှင့် ဆင်ဝင်သွားရာလမ်းတစ်လျှောက်ကိုလည်း သန့်ရှင်းနေ အောင်မလုပ်သင့်ဘူးလား။ သစ်ပင်ပန်းမာန်စိုက်ပျိုးဖို့ရော မလိုပေဘူးလား။ ထိုအသိစိတ်ဓာတ်သည် ပြည်သူပိုင် ပစ္စည်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟုယူဆ သော စိတ်ဓာတ်ပင်ဖြစ်ပါသည်။ မိမိ တစ်ကိုယ်စာလုံ အောင်ထိန်းသိမ်းနိုင်ပါမှ ထိုထက်ပိုကြီးကျယ်သော နေရာ ကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

ဝန်ထမ်းများသည် လုပ်ငန်းတာဝန်များကို အချိန် ပြည့် ထမ်းဆောင်ရသဖြင့် ပိတ်ရက်များတွင် မိသားစုနှင့် အေးအေးလူလူနေလိုကြပေလိမ့်မည်။ ထိုသို့သော အချိန် များတွင် တိုက်သန့်ရှင်းရေးလုပ်ရ၊ ပန်းပင်စိုက်ပျိုးရဖြင့် အချိန်ကုန်သည်ဟု အလုပ်ရှုပ်မခံလိုသူများလည်း ရှိပေ လိမ့်မည်။ ဒါဆိုလျှင်လည်း နားနေလို့လည်းရအောင်၊ သန့် ရှင်းမှုလည်းရှိအောင် မည်သို့ လုပ်မည်နည်း။ စုပေါင်း ဆောင်ရွက်သည့်စိတ်ဓာတ်အရ အလှည့်ကျထွက်၍ သန့် ရှင်းရေး လုပ်မည်လား။ သန့်ရှင်းရေးလုပ်နိုင်သည့် အပြင် လူငှား၍ အလုပ်လုပ်ခွင့်ပေးမည်လား။ ဆုံးဖြတ်ချက် ချပြီး လုပ်ဆောင်ရန်လိုအပ်ပါသည်။ သန့်ရှင်းရေး ဆောင်ရွက် မှု စရိတ်ကိုတော့ တိုက်ရှိအခန်းအားလုံးမှ ဝေပုံကျ မျှခံရ မည်ဖြစ်ပါသည်။ ဟိုလည်းမဟုတ်၊ ဒီလည်းမပါဆိုလျှင် တော့ မိမိတို့တိုက်သာ နစ်နာပေလိမ့်မည်။

အိမ်ရာရှိအထပ်မြင့်တိုက်များ တည်ဆောက်ထားပုံ အရ ရေတိုင်ကီများသည် ခေါင်မိုးများ ပေါ်တွင်ရှိ၍ ရေပြည့်၊ မပြည့်ကို ရေလျှံပေါက်များမှ ရေများကျလာ သည်ကို ကြည့်၍ သိရှိနိုင်ပါသည်။ အချို့သည် ရေများ လျှံကျလာပါက ချက်ခြင်းပိတ်၍ ရေအလဟဿ ဖြုန်းတီး မှု မဖြစ်စေရန် ဂရုစိုက်မှုများရှိသော်လည်း အချို့မှာမူ မေ့နေ၍လည်းကောင်း၊ သတိမထားမိ၍လည်းကောင်း အချိန်အတော်ကြာအောင်ရေများလျှံကျနေသည်ကို တွေ့ရပါသည်။ ထိုသို့ရေများလျှံကျနေခြင်းသည် မိုးရာသီ၊ ဆောင်းရာသီများတွင် သတိမထားမိကြသော်လည်း နွေရာသီ ပူပြင်းပြင်းရောက်လျှင်ဖြင့် သတိအနေအထား ဖြင့် စောင့်ကြည့်နေရာမှ ရေကို နှမျောတွန့်တိုစိတ်ဖြင့် ဒေါသစိတ်သို့ ကူးပြောင်းသွားတတ်ကြပါသည်။

အချို့အချို့သောစိတ်ကူးဉာဏ်ကောင်းသော သူများ လည်း ရှိကြပါသည်။ ဤသို့လျှံကျလာသော ရေများကို အောက်ဆုံးတွင် ဇလားကဲ့သို့သော တိုင်ကီအဟောင်းများ ခံထားခြင်းဖြင့် ထိန်းသိမ်းထားကာ စုပေါင်းစိုက်ပျိုးထား သော အပင်များကို လောင်းစေသောကြောင့် အပင်များ လည်း ရှင်သန်စေ၊ ရေလည်း အလဟဿမဖြစ်အောင် လုပ်ဆောင်မှုများကို တွေ့ရသဖြင့် အလွန်ဝမ်းသာစရာ ကောင်းလှပါသည်။ ရေချိုကို ဂရုတစိုက် ထိန်းသိမ်းစောင့် ရှောက်ခြင်းပင် ဖြစ်ပါသည်။ စာရေးဆရာ တက္ကသိုလ် ပွင့်သူအောင်ရေးသည့် ဆောင်းပါးတစ်ပုဒ်တွင် ၂၀ ရာစု နှစ်များတွင် ရေနံအတွက် အရေးအခင်း ဖြစ်ခဲ့ရသကဲ့သို့ ၂၁ ရာစုနှစ်များတွင်လည်း ရေချိုရှားပါးမှုကြောင့် ရေတိုက်ပွဲ ဖြစ်နိုင်ကြောင်း ရေးသားထားသည်ကို မြန်မာ့ အလင်းသတင်းစာထဲတွင် ဆောင်းပါးအဖြစ် ဖတ်ရခဲ့ပါ သေးသည်။

ထို့အတူပင် ဈေးများတွင်လည်း ရေပိုက်ခေါင်း ဖွင့် လျက်သား ရေများကျနေသည်ကို မြင်တွေ့ရသည်များ ရှိပါသည်။ မည်သူမှပိတ်မည့်သူမရှိ၊ ထပ်မံအသုံးပြုရန် အတွက် လာရောက် မည့်သူများရှိမလားဟု အတော်ကြာ အောင် စောင့်ကြည့်နေသည့်တိုင်အောင် မည်သူမျှရောက် မလာဘဲ အလဟဿဖြစ်နေသာ ရေများကိုလည်း နှမြော တသစွာ တွေ့မြင်ရပေသည်။ မနေနိုင်သူက သွားပိတ် ပြန်တော့လည်း ရေပိုက်ခေါင်းက မကောင်း စသည်ဖြင့် ကြုံကြရပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မိမိ ကိုယ်ပိုင်အသုံးပြုရသည်မဟုတ် 'ဘုံ'သုံးရတာပဲဟုသော စိတ်ဖြင့် ကုန်ချင်ကုန်၊ ပျက်ချင်ပျက် သဘောမျိုးထား

လျှင်ဖြင့် မိမိပတ်ဝန်းကျင်ကို အလွန်ပင် အကျိုးယုတ်စေမည် ဖြစ်ပါသည်။

ရုံးသို့ ရောက်လာလျှင်ရော မိမိထိုင်ရာ ကုလားထိုင်၊ စားပွဲခုံ၊ ကွန်ပျူတာမှ အစပြု၍ ရုံးခန်းအတွင်းရှိ ဘီဒို၊ ပန်ကာ၊ လေအေးပေးစက်၊ မိတ္တူကူးစက်၊ မီးပလပ်ပေါက် အစရှိသော ပစ္စည်းအားလုံးကို မိမိပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပေသည်။ မိမိကိုယ်တိုင်သုံးစွဲနေသာပစ္စည်းများကို ကိုယ်ပိုင်ဆိုင်သော သားသမီးကဲ့သို့ တန်ဖိုးထားသင့်ပေသည်။ မိမိကိုင်တွယ်အသုံးပြုနေသောပစ္စည်း တစ်ခုခုချို့ယွင်းနေလျှင် မိမိသည် တန်း၍ သိနိုင်သဖြင့် ပျက်စီးမှု ကြီးကြီးမားမားမဖြစ်ခင် ပြုပြင်နိုင်လျှင် ဌာနပိုင်ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သကဲ့သို့ ပြည်သူပိုင်ပစ္စည်း ထိန်းသိမ်းခြင်းလည်း ဖြစ်ပါသည်။

နိုင်ငံတော်မှလည်း ပြည်သူ့ဝန်ထမ်းများကို ချမှတ်ထားသာ စည်းမျဉ်း စည်းကမ်းများကိုနားလည်စေရန်နှင့် ပြည်သူ့သစ္စာစောင့်သိမှုရှိစေရန် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး) တို့တွင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ သင်တန်းတွင် ယခင်က စစ်ရေးဘာသာ သင်ကြားခဲ့ရသော်လည်း ယခုအခါ ပြည်သူ့အစိုးရသစ်လက်ထက်တွင် စစ်ရေးဘာသာ မပါဝင်တော့။ နိုင်ငံရေးသိပ္ပံ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရုံးလုပ်ငန်း၊ ဥပဒေ စသော ဘာသာရပ်အလိုက် နေရာစုံ၊ ဌာနစုံမှ သင်တန်းသား/သူ များက အုပ်စုအလိုက် မိမိနှစ်သက်ရာ စာတမ်းဖတ်ကြားကာ အပြန်အလှန် ဆွေးနွေးခြင်းများ ရှိပါသည်။ ထိုသို့ အတွေ့အကြုံ ဖလှယ်၍ ဆွေးနွေးဝေဖန်ထောက်ပြခြင်းအားဖြင့် လုပ်ဆောင်ရမည့်တာဝန်များကို ပိုမို ပွင့်လင်းမြင်သာမှုရှိစေကာ မိမိတို့ဌာနအလိုက်၊ နေရာအလိုက် ဗဟုသုတများ တိုးပွားစေနိုင်ပါသည်။

ထိုကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အသိအမြင် ကြွယ်ဝမှုနှင့်လည်း သက်ဆိုင်လျက်ရှိပါသည်။ ထိုသို့ အသိပညာကြွယ်ဝစေရန်လည်း ဟောပြောပွဲများ၊ ပညာပေးဆွေးနွေးပွဲများကို နေရာဒေသအလိုက်၊ လူမှုပတ်ဝန်းကျင်အလိုက်၊ အဖွဲ့အစည်းအလိုက် လုပ်သင့်ပေသည်။ ငယ်ရွယ်သော အခြေခံပညာသင်ယူနေသည့် ကျောင်းသားအရွယ် ကလေးငယ်ဘဝမှ စတင်ကာ နားလည်သိရှိနေရန် လိုအပ်ပေသည်။ ကျောင်းထဲတွင် မိမိထိုင်သော စာရေးစားပွဲ၊ ထိုင်ခုံစသည်တို့ မကျိုးပဲ့စေရန် စနစ်တကျထိုင်ခြင်း၊ နေ့ဖက်အလင်းရောင်ရနေသော အခန်းထဲတွင် မီးချောင်းများပိတ်ထားခြင်း၊ သဘာဝလေ ရရှိသောနေရာတွင် ပန်ကာများပိတ်ထားခြင်း၊ လက်ဆေးနေရာ၊ အိမ်သာ စသည်တို့တွင် ရေသုံးပြီးပါက ပိုက်ခေါင်းကို ပြန်ပိတ်ခြင်း၊ အမှိုက်များကို အမှိုက်ပုံးအတွင်းစနစ်တကျ စွန့်ပစ်ခြင်း စသော အခြေခံ သဘောတရားများကို စနစ်တကျနားလည်နေရန် လိုအပ်ပေသည်။ ထိုမှတစ်ဖန် အဆင့်မြင့်ပညာသင်ယူနေသော ကာလတွင်လည်း ထိုသို့ ထိန်းသိမ်းခြင်းများကြောင့် ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု လျော့ကျခြင်း၊ သစ်သားနှင့်စပ်ဆက်သော ပစ္စည်းတစ်ခုအတွက် သစ်တောမည်မျှ ဆုံးရှုံးသည်ကို သိရှိနိုင်ခြင်း၊ ရေကိုစနစ်တကျ အသုံးပြုခြင်းဖြင့် သဘာဝရေအရင်းအမြစ် ထိန်းသိမ်းနိုင်မှုကို သိရှိစေခြင်း၊ မလိုအပ်သည် လျှပ်စစ်အသုံးပြုမှုများကို ချွေတာခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်းစသော အသိပညာများကို မြင့်မားစွာရရှိရန်လည်း လိုပေသည်။

ယခုအခါ နိုင်ငံတော်အစိုးရမှလည်း ဘက်စုံ၊ ကဏ္ဍစုံအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ ပုဒ်မများထုတ်၍ ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ သို့သော်လည်း လိုက်နာသူများရှိသကဲ့သို့ မလိုက်နာ ဖျက်စီးလိုသူများလည်း ရှိနေပါသေးသည်။ ထိုသို့ အပြစ်ပေးခြင်းရှိမှ လိုက်နာခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတော်ကို မြတ်နိုးတန်ဖိုးထားစိတ်ဖြင့် မိမိနိုင်ငံရှိ သဘာဝအရင်းအမြစ်များနှင့်တကွ ပြည်သူပိုင်ပစ္စည်းများကို တာဝန်သိသိ၊သိစွာရှိရှိ ထိန်းသိမ်းစောင့်ရှောက်ရန် လုပ်ဆောင်ကြလျှင်ဖြင့် နေရာဒေသအလိုက်၊ ပတ်ဝန်းကျင်အလိုက်၊ ပညာအရည်အချင်းအလိုက်၊ ရာထူးအဆင့်အတန်းအလိုက်၊ အသက်အရွယ်အလိုက် လှပသော၊ သာယာသော၊ အေးချမ်းသော လူ့ဘောင်ဝန်းကျင်တွင် နေထိုင်ရင်း ပျော်ရွှင်ရမည်မှာ မလွဲဧကန်ပင် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



# "ကျွင်း" ထည့်ထားတယ်

| အင်ကြင်းဖေဖေ (စာရင်းအင်းပညာ) |

မနက် အိပ်ယာ ကဗျာကယာ ထပြီး ထုံးစံအတိုင်း ရုံးသွားဖို့ပြင်ဆင် ရလေပြီ။ ကားမှတ်တိုင်ရောက်တော့ ကားစောင့်နေကြတဲ့လူတွေကလည်း တစ်ပုံတစ်ပင်ကြီး၊ ဇူလိုင် မိုးကလည်း သည်းကြီးမဲကြီး ရွာချလေတော့ ထီးက လည်း တစ်ဖက်၊ ထမင်းချိုင့်နဲ့ လက်ဆွဲအိတ်ကလည်း တစ်ဖက်နဲ့ ကားလာရင် ဘယ်လိုတက်ရမလဲ တွေးနေမိ တယ်။

ကားလာတော့ လူအုပ်ကြားထဲ အလုအယက် တက်ရတာပေါ့။ YBS စနစ်သစ်အရ ကားပေါ် တက်တာနဲ့ ငွေပုံးထဲ ထည့်ရမှာဖြစ်တော့ ပိုက်ဆံအိတ်ထဲကို ဖွင့်ကြည့် လိုက်တယ် . . . ၂၀၀ ကျပ်တန်ကလည်း မတွေ့ဘူး။ ၅၀၀ ကျပ်တန်ပဲ တွေ့တယ်။ ၅၀၀ ကျပ်တန် ထည့်လို့လည်း မဖြစ်ဘူး။ စပယ်ယာမပါတော့ ပြန်အမ်းမယ့်သူမရှိဘူးလေ။ ဒီလိုနဲ့ ကိုယ်က ကြာနေတော့ နောက်က တက်မယ့်သူက အမြင်ကတ်နေပြီ။

ကဲ . . . ဘာလုပ်ရမလဲတွေးစမ်း၊ နောက်ဆုံး တစ်ခေါက် ပိုက်ဆံအိတ်ထဲ သေချာကြည့်တော့ ရက်လွန် ထီတစ်စောင်တွေ့တယ်။ ထီ တစ်စောင်က ၅၀၀ ကျပ်တန် တယ်လေ။ ရက်ကလေး လွန်သွားပြီဆိုတော့ ၂၀၀ ကျပ် လောက်တော့တန်တယ်လို့ပဲ သဘောထားလိုက်တော့မယ်။ ကဲ. . . ထီလက်မှတ်ကလေးကို ဘယ်သူမှ မသိအောင် သေချာခေါက်ပြီး ငွေပုံးထဲ ထည့်လိုက်တာပေါ့။ ဘာပဲ ဖြစ်ဖြစ် ကိစ္စတစ်ခုပြီးသွားပြီလေ . . . . .

ကားပေါ် ရောက်တော့ လူတွေက ကြပ်တယ်။ ပတ်ဝန်းကျင်ကို လှေ့လာလိုက်တော့ အားလုံးလိုလိုက Mask တွေနဲ့။ သူတို့ကို မြင်မှ ကိုယ်လည်း သတိရတယ်။ အော် H1N1 ကာကွယ်နေကြတာကိုး။ ကိုယ်က အရပ်ပု တော့ ကားရဲ့ အလယ်တန်းကွင်းကို မမီဘူးလေ။ ဒါနဲ့ ဘေးနားထိုင်ခုံနားကို ကပ်ရတာပေါ့။ ထိုင်ခုံမှာကတော့ နန်းဆန်သူလေးတစ်ယောက် ထိုင်ပြီး facebook သုံးနေ တယ်။ လူကလည်း ကြပ်တော့ ခြေချစရာမရှိအောင်ဘဲ ဖြစ်နေတယ်။ ဘေးက လူတွေကလည်း အားကြီးနဲ့ တိုးနေ တာ။ ဒါကြောင့် ထမင်းချိုင့်လေးကို ခဏကိုင်ခိုင်းဖို့ နန်း ဆန်သူလေးကို အကူအညီ တောင်းရရင် ကောင်းမလား တွေးနေပေမယ့် နန်းဆန်သူလေးရဲ့ မျက်နှာထား ထန်မှု ကလည်း (၉ -နိုင်း) ကျော်လောက်တယ်။ ကဲ . . . .

ရှိစေတော့။

ထိုင်ခုံကလည်း မရ၊ ကားကလည်း အဝေးကြီး စီးရမှာဆိုတော့ taxi ပဲ ငှားသွားရင် ကောင်မလား တွေးနေမိရင်းနဲ့ တစ်ဖက်ကလည်း အဖျားကလည်း ပျောက်ခါစ၊ မိုးကလည်းမိ၊ ကားသစ်ရဲ့ Air con ကလည်း အစွမ်းပြလေတော့ ချောင်းဆိုးချင်လာတယ်။ ပတ်ဝန်းကျင်ကို အားနာတော့ ချောင်းဆိုးချင်စိတ်ကို ကြိတ်မှိတ်နေရင်းက ကားကလည်း ကြပ်၊ ချောင်းကလည်း ဆိုးချင်လာပြီ။ ချစ်ချင်တာနဲ့ ချောင်းဆိုးချင်တာက ရပ်တန့်လို့မှ မရတာဘဲလေ။ ကဲ ချောင်းဆိုလိုက်တယ် အဟွတ်! အဟွတ်! အဟွတ် !။

ရင်ထဲတော့ နည်းနည်းပေါ့သွားတယ်။ ပတ်ဝန်းကျင်ကိုသတိထားမိလိုက်တော့ကိုယ်ဘေးကလူတွေလည်း ကိုယ့်ကို မတိုးတော့ဘူး။ နန်းဆန်သူလေးလည်း ကိုယ်ကို သတိထားမိလာတယ်။ ကဲ . . . . နည်းနည်းတော့ ဂျင်းထည့်မှ ဖြစ်တော့မယ်။ ချောင်းတွေကို ဆက်တိုက်ဆိုးပစ်လိုက်တယ်။ အဟွတ်! အဟွတ်! အဟွတ် ! . . . . . အဟွတ်! အဟွတ်! အဟွတ် !. . . . . အဟွတ်! အဟွတ်! အဟွတ် !။ နန်းဆန်သူလေးလည်း မှတ်တိုင်မရောက်ခင် ထဆင်းသွားတယ်။ ပတ်ဝန်းကျင်ကလူတွေလည်း ခပ်ခွာခွာလေးနေကြပြီ။ ကိုယ်လည်း ထိုင်ခုံရပြီ။ ကဲ . . . . တရေးလောက်တော့ အိပ်လိုက်အုံးမယ်။

ရုံးနားရောက်တော့ ကားပေါ်ကဆင်း။ မနက်စာစားဖို့ မုန့်ဆိုင်ကို ဝင်လိုက်တယ်။ မိုးတွေက ဆက်တိုက်ရွာတော့ ပါဆယ် ဝယ်တဲ့သူတွေက တန်းစီနေတာပေါ့။ သူတို့ ရုံး/အလုပ်က လူတွေကလည်း မိုးရွာတော့ အပြင်မထွက်တော့ဘဲ ပါဆယ်တွေ အားလုံး စုမှာနေကြတော့ အချိန်အတော်ကြာ စောင့်ရမယ့် သဘောဖြစ်နေပြီ။ ရုံးကလည်း ၉ နာရီ အရောက်သွားရမှာ။ နောက်ကျရင် ၂၀၀၀ ကျပ် ဖြတ်တယ်။ အခက်အခဲတွေကတော့ တောက်လျှောက်ပဲ . . . . ကဲ . . . ဘယ်လိုလုပ်ရမလဲ။

ထုံးစံအတိုင်း ဂျင်းလေး နည်းနည်းထည့်ကြည့်လိုက်မယ်။ ဒါနဲ့ ဆိုင်ရှင်အစ်မကို လှမ်းမေးလိုက်တယ်။ "အစ်မ၊ မုန့်ဟင်းခါးကို အလှူအတွက်ရော အော်ဒါမှာလို့ရလား၊ ကျွန်တော်တို့ သူဌေးကတော်က ဝါဆိုသင်္ကန်းကပ်ရင် မုန့်ဟင်းခါး ကျွေးမယ်ဆိုပြီး၊ နမူနာ (၂)ဆိုင် လောက်က မုန့်ဟင်းခါး စမ်းစားချင်တယ်ပြောတယ်။ ကျွန်တော်ကလည်း အစ်မတို့ဆိုင်က မုန့်ဟင်းခါးက ကောင်းတယ်။ ဒီနေ့ ဝယ်လာခဲ့မယ်ပြောထားတယ်။ ဒါပေမဲ့ ဒီနေ့ အစ်မတို့ဆိုင်က လူကျနေတော့ တခြားဆိုင်ကပဲ အရင် ဝယ်ကျွေးလိုက်မယ်။ ရုံးက (၉)နာရီ တက်ရမှာဆိုတော့။ သွားပြီ အစ်မ" လို့ ပြောလိုက်တယ်။

ဒီတော့ ဆိုင်ရှင်အမက "မုန့်ဟင်းခါးက မကြာပါဘူး ထည့်ပေးလိုက်လို့ရပါတယ်" ဆိုပြီး တစ်ခါတည်း ထည့်ပေးလိုက်တာ (၂)ပွဲစာလောက်ရှိတယ်။ မဆိုးဘူး . . . . . OK သွားပြန်ပြီ။

နာရီကိုကြည့်လိုက်တော့ ဘယ်လိုမှ (၉)နာရီ ရုံးကို မရောက်နိုင်တော့ဘူး။ မိုးကလည်း သည်းကြီးမဲကြီး ရွာနေတော့ လက်ဆွဲအိတ်ထဲက မိုးစိုလို့မဖြစ်တဲ့ စာရွက်စာတမ်းတွေ၊ Memory Stick တွေကို သေချာဂရုစိုက် ကိုင်တွယ်ရင်း . . . . . ဘယ်လိုလုပ်ရမလဲ။

မိုးရွာတော့ ထုံးစံအတိုင်း မီးကပျက်ပြီလေ။ လမ်းဘေးဆိုင်တွေရဲ့ မီးပျက်ခြင်းရဲ့ အချက်ပြသံ (မီးစက်သံ) တွေက လည်း မိုးသံနဲ့အတူ ဆူညံနေတာပေါ့။ Memory Stick နဲ့ မီးပျက်တာနဲ့ပေါင်းလိုက်ရင် ဂျင်းထည့်လို့ ရပြီပေါ့ . . . ။ ကွန်ပျူတာ စာစီစာရိုက်ဆိုင်ထဲဝင်ပြီး Memory Stick ထဲက မနေ့ညက ရေးထားတဲ့ report လေး (၃)မျက်နှာကို ထုတ်လိုက်တယ်။ တစ်မျက်နှာကို (၁၀၀) ကျပ်ဆိုတော့ (၃၀၀)ကျပ်ပေးလိုက်တယ်။ အဆင်ပြေခါနီးပြီ။

ဒါနဲ့ ရုံးပေါ်ကိုရောက်တော့ ၉ နာရီ ၁၅ မိနစ်ဖြစ်နေပြီ။ ပြဿနာမရှိပါဘူး။ ဆရာကိုတွေ့ပြီး ထုတ်ထားတဲ့ report လေး (၃)မျက်နှာပေးလိုက်တယ်။ "ဆရာ၊ မနေ့က ရေးထားတာ။ ဒီနေ့ ရုံးနားရောက်တော့ လမ်းထဲမှာ မီးပျက်နေတာ တွေ့တော့ ရုံးပေါ် မတက်ခင် တစ်ခါတည်း print ထုတ်ခဲ့လိုက်တာ။ ကျွန်တော်ရောက်တာ (၈)နာရီ (၄၅)လောက်ကတည်းက ဆရာ"

ဆရာက ငါ့တပည့်တော်တယ် ပေးခဲ့ . . . ပေးခဲ့တဲ့။

ကဲ . . . . ဘာပဲပြောပြော ရုံးလည်း နောက်မကျတော့ဘူး။ ၁၇၀၀ ကျပ်လည်း save ဖြစ်သွားပြီ။